# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၈၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး) Lieutenant General Shrinjay Pratap Singh, AVSM, YSM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ် (ထောက်လှမ်းရေး) Lieutenant General Shrinjay Pratap Singh, AVSM, YSM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယ

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ်စရာ**


ဗိုလ်ချုပ်အောင်ဆန်း ဆန္ဒရှိခဲ့သော စီးပွားရေးပုံစံ စီးပွားရေးစနစ် — ဆောင်းပါး စာ ၆

ဂျပန်နိုင်ငံ အထက်လွှတ်တော်ရွေးကောက်ပွဲ — ဆောင်းပါး စာ ၁၀

ကာတာနိုင်ငံ၌ ဂါဇာဒေသအပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင် — နိုင်ငံတကာသတင်း စာ ၁၄

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့် အဖွဲ့ဝင်များ အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး) Lieutenant General Shrinjay Pratap Singh, AVSM, YSM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

❖ ရှေ့ဖုံးမှ

တပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ် (ထောက်လှမ်းရေး)နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အိန္ဒိယတပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ကြုံတွေ့ခဲ့ရချိန်၌ အိန္ဒိယနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အချိန်နှင့်တစ်ပြေးညီ ကူညီပေးအပ်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ များတွင်လည်း ဆက်လက်ကူညီပေးသွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို အနှစ်သာရရှိစွာဖြင့် ကျင်းပသွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ် (ထောက်လှမ်းရေး)တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြကာ တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတက်ရောက်၊ ယာယီဝန်ထမ်းအိမ်ရာများ၊ ယာယီရုံးများကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၆**

သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ်ရှိနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ယာယီဝန်ထမ်းအိမ်ရာများအနီး၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်းအမှုထမ်းများက ကျွန်းပင် ၁၁၀၊ ပိတောက်ပင် ၅၀၊ ပျဉ်းကတိုးပင် ၅၀၊ ခရေပင် ၅၀ စုစုပေါင်း ၂၆၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် ခုံရုံးအဖွဲ့ဝင်များသည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး စိုက်ပျိုးပြီး သစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ယာယီဝန်ထမ်းအိမ်ရာများတွင် နေထိုင်လျက်ရှိသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို လိုက်လံကြည့်ရှုအားပေးစကား ပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးယာယီရုံးတွင် ဝန်ထမ်းများ ရုံးလုပ်ငန်းများပုံမှန်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိုးရာသီငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

ငါးသယံဇာတ တိုးပွားလာစေရေး အတွက် ပြည်ထောင်စုတရား လွှတ်တော်ချုပ် မိသားစုများ၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုး စိုက်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက နေပြည် တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိ မြို့နယ်အတွင်းရှိ မင်္ဂလာကန်၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ဇနီး(ဝဲပုံ)၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးများ နှင့် ဇနီးများ၊ ညွှန်ကြားရေးမှူးချုပ် များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ငါးမျိုးများစိုက်ထည့် ပေးကြသည်။

ယနေ့ကျင်းပသည့် ငါးမျိုး စိုက်ထည့်သော အခမ်းအနား တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပံ့ပိုး ပေးသည့် ငါးမြစ်ချင်း ၅၀၀၀ နှင့် ငါးခုံးမကြီး ၅၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို မင်္ဂလာကန်တော်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တပ်ကုန်းမြို့နယ် ညောင်ပင်သာနှင့် မကျီးပင်ကျေးရွာတို့၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၁၆

**တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်း တွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ညောင်ပင်သာနှင့် မကျီးပင်ကျေးရွာတို့သို့သွားရောက်၍ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြပြီး ဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးသည်။**

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းအဖြစ် မကျီးပင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ အမျိုးသမီးများအား အခြေခံစက်ချုပ်နည်းပညာ သင်တန်း ပို့ချသင်ကြားပေးနေမှုကိုလည်းကောင်း၊ ရေတွင်းဖြူကျောင်းတိုက်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တပ်ကုန်းမြို့နယ် ဦးစီး မှူးရုံးမှ မကျီးပင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ များမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အား ပန်းခင်း(၃) စီမံချက်အဖြစ် နိုင်ငံသားစိစစ်ရေး ကတ်များ စနစ်တကျထုတ်ပေးနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် မကျီးပင် ညောင်ပင်သာကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဦးဥက္ကဋ္ဌ အား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းကာ သဘာဝဘေးဒဏ်ကြောင့် ဘုရား၊ စေတီ၊ ပုထိုးများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေ များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ပင်သာကျေးရွာ ရှင်းလင်း ဆောင်၌ သဘာဝဘေးဒဏ်သင့်ကျေးရွာများဖြစ် သည့် မကျီးပင်နှင့် ညောင်ပင်သာကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စု ဝန်ကြီးက မိမိတို့နိုင်ငံတွင် ယခုနှစ်ပိုင်းအတွင်း အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များကျရောက် ခဲ့ပြီး ပြည်သူများလည်း ထိခိုက်ခံစားခဲ့ရကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့သော် လည်း မိမိတို့တွင်ရှိသည့်အားဖြင့် ပြန်လည်ရုန်းထ၍ မိမိတို့ဘဝရှေ့ရေးအတွက် ဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အနေဖြင့်လည်း မကျီးပင်နှင့် ညောင်ပင်သာကျေးရွာ များမှ ပြည်သူများ နေထိုင်နိုင်ရန် လူနေအိမ်များ တည်ဆောက်ပေးခဲ့ပြီး ကြက်ခြေနီအသင်းမှလည်း ရေနှင့် မီလ္လာ အဆင်ပြေစေရန် ဆက်လက်ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ထို့ပြင် ယခုကျေးရွာ နှစ်ရွာ၌ နောင်တွင် ရေကြီး ရေလျှံမှုများမဖြစ်ပေါ်စေရန် မြစ်၊ ချောင်းများ ထိန်းသိမ်းရေးကို စနစ်တကျဆောင်ရွက်သွားမည့် အပြင် ပြန်လည်ထူထောင်ရေးကာလအလွန်တွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်နိုင်ရေးကို လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ကျေးရွာများအတွင်း ခရီးစဉ်ဒေသများ ဖော်ထုတ်၍ ခရီးသွားဧည့်သည်များ လာရောက် အပန်းဖြေအနားယူခြင်းမှတစ်ဆင့် ဒေသတွင်းအလုပ် အကိုင်အခွင့်အလမ်းများရရှိပြီး ဝင်ငွေတိုးတက်ရရှိ စေရန်လည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် မိမိတို့ရပ်ရွာ သန့်ရှင်းလှပစေရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တိုးတက်ခိုင်မာအားကောင်း သည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်း စီမံချက်ကို ယခုကျေးရွာ နှစ်ရွာတွင် ရှေ့ပြေးစီမံချက် ဖြင့် စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး နောင်တွင် သဘာဝဘေးအန္တရာယ်ကျရောက်သည့် တိုင်းဒေသ ကြီး၊ ပြည်နယ်များ၌လည်း ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့် မိမိတို့ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည် ထူထောင်ရေးစီမံကိန်းများတွင် တက်ကြွစွာဖြင့် ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညို ညိုဝင်းက သဘာဝဘေးဒဏ်သင့် မကျီးပင်ကျေးရွာ နှင့် ညောင်ပင်သာကျေးရွာတို့တွင် ဆောင်ရွက်မည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကိုလည်း ကောင်း၊ သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးအောင်ပြည့်စိုးက Contract Farming စနစ်ဖြင့် ရုံးပတီစမ်းသပ်စိုက်ပျိုးမည့် အစီအစဉ်များ ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ညောင်ပင်သာ ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးအား MRTV DTH စလောင်းနှင့် DVB-T2 Set Top Box တို့ကို ပေးအပ် ပြီး ကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် နေပြည် တော်ကောင်စီဝင်တို့က မကျီးပင်နှင့် ညောင်ပင်သာ ကျေးရွာတို့အတွက် MRTV DTH စလောင်း၊ DVB-T2 Set Top Box နှင့် ကျေးရွာစာကြည့်တိုက်တို့အတွက် သုတ၊ ရသ စာအုပ်စာစောင်များကို ပေးအပ်ကြ သည်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် အဖွဲ့ဝင်များ ညောင်ပင်သာကျေးရွာအတွင်း တပ်ကုန်းမြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ပေးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် မကျီးပင်နှင့် ညောင်ပင်သာကျေးရွာ တို့မှ ပြည်သူများက ကျေးရွာ၏ ပညာရေး၊ ကျန်းမာ ရေးနှင့် နေထိုင်စားသောက်မှုအခြေအနေ လိုအပ် ချက်များကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ပင်သာကျေးရွာအတွင်း ရှိ ရေဘေးသင့်ပြည်သူများ နေထိုင်နိုင်ရန် တည်ဆောက်ပေးထားသည့် လူနေအိမ်များကို ကြည့်ရှုစစ်ဆေးပြီး အိမ်ထောင်စုများအလိုက် နေထိုင် စားသောက်မှုအခြေအနေများ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေများကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ နဝင်းချောင်းကမ်းထိန်းလုပ်ငန်း လျာထားဆောင်ရွက် နေမှုအခြေအနေ၊ ကျေးရွာအတွင်း တပ်ကုန်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန် များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုအခြေအနေ၊ နေပြည် တော် လူမှုဝန်ထမ်းရုံးမှ ထိခိုက်လွယ် အုပ်စု လေးအုပ်စု တို့မှ ပြည်သူများအား စောင့်ရှောက်ပေးနေမှုနှင့် ကျေးရွာအတွင်း အသားကဏ္ဍဖူလုံစေရန်ရည်ရွယ်၍ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်း မြို့နယ် အုန်းပင်ကျေးရွာရှိ သားခိုတောင် မဟာ အတုလလောကရန်အောင်ဆုတောင်းပြည့်စေတီ တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး စေတီတော် မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေ နှင့် MRTV DVB-T2 Set Top Box တို့ကို ဘုရား ဂေါပကတာဝန်ရှိသူထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရှေးဟောင်းသမိုင်းဝင် သားခို တောင်ဒေသကို ပြည်သူများလာရောက် လေ့လာနိုင် မည့် ဒေသန္တရခရီးစဉ်တစ်ခုအဖြစ် ဖော်ဆောင်ကာ ညောင်ပင်သာအပန်းဖြေစခန်းနှင့်တွဲဖက်၍ လျာထား ဆောင်ရွက်နိုင်မည့်အခြေအနေတို့ကို ကြည့်ရှု စစ်ဆေးကြပြီး ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာ ဘမ်ဘူးဝါးထုတ်ကုန် သမဝါယမအသင်းလီမိတက်ရှိ ဝါးသင်တန်းခန်းမ၌ အသင်းသူ အသင်းသားများနှင့် တွေ့ဆုံ၍ ဝါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင် ရွက်ပေးခဲ့သည်။

**သတင်းစဉ်**



# စုပေါင်းလုပ်မှ အကျိုးရှိနိုင်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုနယ်မြေအတွင်း မြစ်၊ ချောင်း၊ ဆည်တမံများ၌ ငါးသယံဇာတများ တိုးပွားလာစေရေး၊ ငါးမျိုးပြုန်းတီးမှုမဖြစ်ပေါ်စေရေး၊ သဘာဝရေပြင်နှင့် ကန်များတွင် ငါးမျိုးများ ရေရှည်စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲပြီး ငါးသယံဇာတ ပေါကြွယ်ဝစေရေး၊ နိုင်ငံတော်၏ ငါးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေး တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ မင်္ဂလာကန်၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ငါးသားပေါက်များကို မင်္ဂလာကန်အတွင်း စတင်စိုက်ထည့်ပေးပြီး တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ ငါးလုပ်ငန်းဦးစီးဌာနမှ ပံ့ပိုးပေးသည့် ငါးမြစ်ချင်းနှင့် ငါးခုံးမ ငါးသားပေါက်များအား ကန်အတွင်း စိုက်ထည့်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် ဇွန် ၂၃ ရက်က နေပြည်တော် တပ်ကုန်းမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်းရှိ သတ်မှတ်ကန်အတွင်း ငါးမြစ်ချင်းကောင်ရေ ၂၅၀၀ နှင့် ထိုင်းငါးခုံးမ ကောင်ရေ ၂၅၀၀ စုစုပေါင်း ကောင်ရေ ၅၀၀၀ စိုက်ထည့်ပေးခဲ့ပြီး ယနေ့အခမ်းအနားတွင် ငါးမြစ်ချင်းနှင့် ငါးခုံးမငါးသားပေါက်ကောင်ရေ ၂၀၀၀ ကျော် စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## ဒလမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်း သင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မြို့နယ်အဆင့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာသင်တန်းဖွင့်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိဇေယျနော်ရထာခန်းမ၌ ယမန်နေ့က ကျင်းပသည်။



အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူး မျိုးမြင့်ဦးက အမှာစကားပြောကြားပြီး အဖွဲ့ဝင် ဦးရွှေလှိုင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူးက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ခင်စန္ဒာမြင့် (ပြန်/ဆက်)**

## ဖျာပုံမြို့နယ်၌ ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်

**ဖျာပုံ ဇူလိုင် ၁၆**

ဖျာပုံမြို့နယ် ရှမ်းကွင်းစံပြကျေးရွာတွင် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်ပွဲကို ယမန်နေ့က ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဖျာပုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လတ်လတ်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းယုက အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်မှုအထက်တန်းကျောင်းမှ စက်မှုအင်ဂျင်နီယာဌာနမှူး ဦးလှအေးက သင်တန်းသားများအား သင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ အခြေခံ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၈ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

## မြန်မာ-ရုရှား နှစ်နိုင်ငံ ကျားထိန်းသိမ်းရေးအထိမ်းအမှတ် Block of Stamp အထူးထုတ် ၂၀၀ ကျပ်တန် သုံးခုပါ စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချမည်

**နေပြည်တော် ဇူလိုင် ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ အပြည်ပြည်ဆိုင်ရာ ကျားကောင်ရေတည်တံ့ရေးဖိုရမ်အတွက် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များ တစုတစည်းတည်း စုဆောင်းနိုင်ကြရန်ရည်ရွယ်၍ **မြန်မာ-ရုရှား နှစ်နိုင်ငံ ကျားထိန်းသိမ်းရေးအထိမ်းအမှတ် Block of Stamp အထူးထုတ်** ၂၀၀ ကျပ်တန် သုံးခုပါ စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ဇူလိုင် ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိစာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **ဇူလိုင် ၂၀ ရက် (တနင်္ဂနွေနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ကျား (၃) မျိုး




**ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား။**

# ဗိုလ်ချုပ်အောင်ဆန်း ဆန္ဒရှိခဲ့သော စီးပွားရေးပုံစံ စီးပွားရေးစနစ်

စောနိုင်(အသုံးချဘောဂဗေဒ)

❖ **ဗိုလ်ချုပ်အောင်ဆန်းက အရင်းရှင်စနစ်ကြောင့် ကြုံတွေ့လာရသည့် လူမှုဒုက္ခများကို လေ့လာသိရှိထားသည့် အလျောက် အရင်းရှင်စနစ်ကို မနှစ်သက်၊ အရင်းရှင်ကြီးများကို မြန်မာ့စီးပွားရေးနယ်ပယ်အတွင်းမှ ဖယ်ရှားရန် အမှန်ပင်စိတ်ကူးရှိခဲ့သည်။ ထို့ကြောင့်လည်း ပြည်သူလူထုအကျိုးစီးပွားအတွက် နိုင်ငံအတွင်းရှိ အရေးပါသော လုပ်ငန်းများကို အစိုးရကိုယ်တိုင် လုပ်ကိုင်နိုင်မည့် ပြည်သူပိုင်ပြုလုပ်ရန်လည်း ရည်ရွယ်ထားခဲ့ခြင်းဖြစ်သည်**


ကမ္ဘာ့သမိုင်းတစ်လျှောက် နိုင်ငံအသီးသီးသည် ၎င်းတို့၏ လူမှုရေးပုံစံ၊ ကျင့်သုံးသည့် နိုင်ငံရေးစနစ်အပေါ် မူတည်၍ စီးပွားရေးအသွင်သဏ္ဌာန်၊ စီးပွားရေးစနစ်အမျိုးမျိုးကို ကျင့်သုံးခဲ့ကြသည်။ ထိုသို့နိုင်ငံရေးအခြေအနေ၊ စီးပွားရေးအသွင်သဏ္ဌာန် အပြောင်းအလဲများနှင့်အတူ ပညာရှင်များ၏ နိုင်ငံ့စီးပွားရေးအတွေးအခေါ်၊ အယူအဆများသည်လည်း ပြောင်းလဲဖြစ်ပေါ်မှုများ ရှိခဲ့သည်။

အကျိုးဆက်မှာ အရင်းရှင်စနစ်၊ စီမံကိန်းစနစ်၊ ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ်၊ ကွန်မြူနစ်စီးပွားရေးစနစ်၊ ဈေးကွက်စနစ် စသဖြင့်အမည်နာမအမျိုးမျိုး တပ်ထားသော ကွဲပြားခြားနားသည့် စီးပွားရေးအဆောက်အအုံ ဖွဲ့စည်းမှုနည်းလမ်းများ ပေါ်ထွက်လာခြင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံများ၏ ကျင့်သုံးခဲ့/ကျင့်သုံးဆဲ စီးပွားရေးစနစ်များ ၊ ပုံသဏ္ဌာန် စီးပွားရေးစနစ်များကို လေ့လာရာတွင် စီးပွားရေးအရင်းအမြစ်များ ပိုင်ဆိုင်မှု၊ ခွဲဝေသုံးစွဲမှု၊ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်မှုတို့အရ ကွာခြားသွားကြသည်ကို တွေ့ရသည်။

ကမ္ဘာပေါ်တွင်ကျင့်သုံးခဲ့ကြသည့် စီးပွားရေးစနစ် ပုံသဏ္ဌာန်များကို လေ့လာ၍ ပညာရှင်များ၊ သုတေသီများက ရိုးရာအစဉ်အလာအရ ဆောင်ရွက်သော စီးပွားရေးစနစ်၊ အမိန့်ပေးစီးပွားရေးစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ဟု ယေဘုယျအားဖြင့် သုံးမျိုးရှိသည်ဟု ဆိုကြသည်။ အမိန့်ပေးစီးပွားရေးစနစ် (Command Economic System) သည် အစိုးရ၏ စီးပွားရေးအဆောက်အအုံအတွင်းရှိ စီးပွားရေး လုပ်ဆောင်ချက်များ၊ စီးပွားရေးအရင်းအမြစ်များအားလုံးကို ဗဟိုက ချုပ်ကိုင်ထားသည့်စနစ်ဖြစ်ပြီး ဈေးကွက်စီးပွားရေးစနစ် (Market Economic System) မှာ အရင်းပိုင်ဆိုင်မှု၊ ပုဂ္ဂလိကပိုင်ဆိုင်မှုတို့ကို အထူးအလေးထားပြီး ဈေးကွက်ကို ဦးစားပေးသည့် စနစ်ဖြစ်သည်။ ထို့ပြင် အစိုးရပါဝင်မှုအယူအဆနှင့် ဈေးကွက်ဦးစားပေး အယူအဆနှစ်ခုတို့ကို ပေါင်းစပ်ထားသော ရောပြွမ်းစီးပွားရေး ပုံစံကိုလည်း အသုံးများလာသော စီးပွားရေးပုံစံတစ်ခုအဖြစ် ထည့်သွင်းမှတ်တမ်းတင်ထားကြသည်ကို တွေ့ရှိရသည်။

**လက်တွေ့ကမ္ဘာထဲက စီးပွားရေးစနစ်**

သုတေသီအချို့ကမူ စီးပွားရေးအအောက်အအုံ(ဈေးကွက်)အတွင်း ဈေးကွက် အင်အားစုများကို လုံးဝလွတ်လပ်စွာ လုပ်ဆောင်ခွင့်ပြုထားသည့် ဈေးကွက်စနစ် (Pure Market System) နှင့် အမိန့်ပေးစနစ်ကို လုံးလုံးလျားလျား အသုံးပြုထားသည့် အစိုးရက ဗဟိုမှချုပ်ကိုင်စီမံဆောင်ရွက်နေသော စီးပွားရေးစနစ် (Pure Command System) တို့ကို ကမ္ဘာပေါ်၌ မည်သည့်နိုင်ငံကမှ လက်တွေ့ကျင့်သုံးနိုင်ခြင်း မရှိဟုဆိုကြသည်။ လက်တွေ့အခြေအနေတွင် ဈေးကွက်အင်အားစုများကို လွတ်လပ်စွာ လှုပ်ရှားခွင့်ပြုထားပြီး ဈေးကွက်က မစွမ်းဆောင်နိုင်သော နယ်ပယ်များ၌ အစိုးရပါဝင်လုပ်ကိုင်သည့်အခြေအနေမျိုးကို အများဆုံးတွေ့ရသည်။ ဈေးကွက်လည်ပတ်မှုနှင့် အစိုးရပါဝင်မှုကဏ္ဍကို သင့်လျော်စွာ ပေါင်းစပ်ကျင့်သုံးသည့် ရောစပ်စီးပွားရေးခေါ် ရောပြွမ်းစီးပွားရေးစနစ်(Mixed Economic System)သည် လက်တွေ့အလုပ်ဖြစ်သော စီးပွားရေးစနစ်ဟု ဆိုကြခြင်းဖြစ်သည်။




ကမ္ဘာပေါ်တွင် အရင်းရှင်စနစ်သည် တစ်စတစ်စဖြစ်ပေါ်ပြောင်းလဲလာခဲ့သည်။ လက်ဝါးကြီး အရင်းရှင်ဝါဒ၊ ထိုမှတစ်ဆင့် တိုးတက်ထွန်းကားလာသော စက်မှုနည်းပညာများ၊ အားကောင်းလာသော ပိုလျှံလာသည့် ကုန်ထုတ်လုပ်မှုများနှင့်အတူ နယ်ချဲ့အရင်းရှင်ဝါဒသို့ အသွင်ပြောင်းလာခဲ့သည်။ စီးပွားရေးလောဘကြီးမားလာသော အရင်းရှင်တို့ကြောင့် အလုပ်သမားလူတန်းစားတို့၏ လူမှုဒုက္ခ ပိုမိုဆိုးရွားလာခဲ့သည်။ ကြီးထွားလာသော အရင်းရှင်ဝါဒတွန်းအားကြောင့် မြေယာနယ်ပယ်သစ်ရှာဖွေနယ်ချဲ့မှုများလည်း ဖြစ်လာခဲ့သည်။ ကမ္ဘာပေါ်တွင် ဖြစ်ပွားခဲ့သော စစ်ပွဲကြီးများသည် အရင်းရှင်စနစ်ကျင့်သုံးသည့်နိုင်ငံများ အပြိုင်အဆိုင် နယ်ပယ်ချဲ့မှုများကြောင့် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်ဟု သုတေသီများက ကောက်ချက်ချထားကြသည်။

ဒုတိယကမ္ဘာစစ်မတိုင်ခင်က နိုင်ငံငယ်များအကြား နာမည်ဆိုးရခဲ့သော အရင်းရှင်စနစ်သည် ယနေ့ကမ္ဘာပေါ်တွင် လူကြိုက်များလာသော ဈေးကွက်စနစ်၏ အခြေခံသဘောတရား၊ အယူအဆများနှင့် အခြေခံအားဖြင့် တူညီသည်။ ထို့ကြောင့် ယနေ့ဈေးကွက်စနစ်သည် အရင်းအနှီး ပိုင်ဆိုင်မှုကို အဓိကထား၍ လွတ်လပ်သော ဈေးကွက်လှုပ်ရှားမှုကို အခြေခံသည့် ဈေးကွက်အရင်းရှင်စနစ်ဟုပင် ဆိုရမည်။

ယနေ့နိုင်ငံများကျင့်သုံးနေသော ဈေးကွက်စနစ်သည် ဆိုရှယ်လစ်ဝါဒီတို့ ယခင်က မနှစ်မြို့ခဲ့သည့် အရင်းရှင်စနစ်မဟုတ်။ လူ့အဖွဲ့အစည်းကို တစ်ဖက်စောင်းနင်း ဆိုးရွားသောအခြေအနေများကို ဖြစ်စေသည့် စနစ်မျိုးမဟုတ်ပေ။ အလုပ်ရှင်နှင့် အလုပ်သမားအခွင့်အရေးများ သတ်မှတ်ပေးထားသော၊ ထုတ်လုပ်သူနှင့် စားသုံးသူများဥပဒေနှင့်အညီ လွတ်လပ်စွာလှုပ်ရှားခွင့်ရှိသော၊ လက်ဝါးကြီးအုပ်မှုကို လက်မခံသော၊ တရားမျှတစွာ ယှဉ်ပြိုင်မှုကို ဖြစ်စေသော၊ ဈေးကွက်၏ လွတ်လပ်စွာလှုပ်ရှားမှုကို အင်စတီကျူးရှင်းများဖြင့် ထိန်းကျောင်းပေးထားသောစနစ် ဖြစ်ပေသည်။

**ဗိုလ်ချုပ်၏ အရင်းရှင်ဝါဒအပေါ် သဘောထား**

ရှေးဘုရင်များလက်ထက် ပဒေသရာဇ်ခေတ် လူနေမှုစနစ်တွင် မြန်မာ့စီးပွားရေးသည် မြေယာပေါ်တွင် အဓိကမူတည်နေသည်ဟု နားလည်လက်ခံထားသည့် ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးရရှိပြီးပါက မြန်မာနိုင်ငံတွင် ပုံဖော်ကျင့်သုံးမည့် စီးပွားရေးစနစ်များနှင့် ပတ်သက်၍လည်း ကြိုတင်စဉ်းစားထားချက်များ ရှိခဲ့သည်ကို ၎င်း၏ ပြောဆိုချက်များ၊ မိန့်ကြားချက်များတွင် တွေ့မြင်သိရှိနိုင်သည်။

ဗိုလ်ချုပ်၏ မိန့်ခွန်းများထဲ၌ အရင်းရှင်စနစ်၏ အမည်ကို တွင်တွင်သုံးထားပြီး အရင်းရှင်စနစ်၏ ဆိုးကျိုးများကို မကြာခဏ သုံးသပ်ဖော်ထုတ်ပြောဆိုမှုများ ရှိခဲ့သည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့မှ စတင်ကျင်းပခဲ့သည့် ဖဆပလအဖွဲ့ချုပ်ကြီး၏ နိုင်ငံလုံးဆိုင်ရာညီလာခံ၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဖဆပလဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းရှည်ကြီးထဲ၌ အရင်းရှင်ဝါဒနှင့် ပတ်သက်၍ အောက်ပါအတိုင်းပြောကြားခဲ့သည်။

**“….နယ်ချဲ့ဝါဒ၊ အရင်းရှင်ဝါဒ တို့ကို လိုက်နေသရွေ့ကာလပတ်လုံး အလုပ်လက်မဲ့ ပြဿနာ၊ နေထိုင်စားသောက်မှု ချောင်ချိရေးပြဿနာ စသော စီးပွားရေး၊ ကြီးပွားရေးပြဿနာတို့ကို ဖြေရှင်းနိုင်လိမ့်မည် မဟုတ်ပေ။ သို့အတွက် စီးပွားရေး၊ ဘဏ္ဍာရေးနယ်တွင် နိုင်ငံအသီးသီး ကောင်းကျိုးအတွက် လွတ်လပ်စွာ ပူးပေါင်းဆက်ဆံမှုကို ကျွန်ုပ်တို့အားပေးရပေလိမ့်မည်။ ၎င်းနှင့် ဆန့်ကျင်လျှင် ရှုတ်ချရပေလိမ့်မည်။ ….”**ဟု ထည့်သွင်းပြောဆိုခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းက အရင်းရှင်စနစ်ကြောင့် ကြုံတွေ့လာရသည့် လူမှုဒုက္ခများကို လေ့လာသိရှိထားသည့်အလျောက် အရင်းရှင်စနစ်ကို မနှစ်သက်၊ အရင်းရှင်ကြီးများကို မြန်မာ့စီးပွားရေးနယ်ပယ်အတွင်းမှ ဖယ်ရှားရန် အမှန်ပင်စိတ်ကူးရှိခဲ့သည်။ ထို့ကြောင့်လည်း ပြည်သူလူထုအကျိုးစီးပွားအတွက် နိုင်ငံအတွင်းရှိ အရေးပါသော လုပ်ငန်းများကို အစိုးရကိုယ်တိုင် လုပ်ကိုင်နိုင်မည့် ပြည်သူပိုင်ပြုလုပ်ရန်လည်း ရည်ရွယ်ထားခဲ့ခြင်းဖြစ်သည်။

**ဗိုလ်ချုပ်အောင်ဆန်း၏ မြန်မာ့စီးပွားရေးနှင့် ပတ်သက်၍ အယူအဆသဘောထားများ**

၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်ချုပ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အင်္ဂလန်သို့သွားရန် အကြောင်းဖန်လာသည်။ ဇန်နဝါရီလ ၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သောအဖွဲ့သည် ရန်ကုန်မြို့မှ ထွက်ခွာ၍ ပထမဦးစွာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ဦးတည်သွားခဲ့သည်။ နယူးဒေလီမြို့တွင် ဇန်နဝါရီလ ၂ ရက်နေ့မှ ၆ ရက်နေ့အထိ အိန္ဒိယဝန်ကြီးချုပ်နေရူး၏အိမ်တွင် ခေတ္တတည်းခိုခဲ့၍ နိုင်ငံရေးကိစ္စများ ဆွေးနွေးမှုတိုင်ပင်မှုများ ပြုလုပ်ခဲ့သည်။ ဇန်နဝါရီလ ၅ ရက်နေ့တွင် အင်္ဂလန်သို့ သွားရောက်သည့်ကိစ္စ၊ ရည်ရွယ်ချက်များ၊ အိန္ဒိယနိုင်ငံရေးအခြေအနေများနှင့်ပတ်သက်၍ အဆိုပါမြို့တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရာ သတင်းထောက်များ၏ မေးမြန်းမှုများကို ဖြေကြားရင်း မြန်မာနိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်ကူးသန်းရေးတို့နှင့် ပတ်သက်၍ အောက်ပါအတိုင်း ထည့်သွင်းပြောကြားမှုများ ရှိခဲ့သည်။

**“… ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စီးပွားကုန်သွယ်ကူးသန်းရောင်းဝယ်ရေး၏ အချက်အချာအရေးကြီးသော သော့ချက်ဖြစ်သည့် စက်မှုလုပ်ငန်းရပ်များ၊ ရေနံထုတ်လုပ်ရေး စသည့်လုပ်ငန်းရပ်များကိုရော နိုင်ငံတော်အတွက် အကျိုးအမြတ်ရှိမည့် လုပ်ငန်းရပ်မှန်သမျှကိုပါ နိုင်ငံတော်ပိုင်ပြုလုပ်ရန် ရပ်တည်ရည်မှန်းထားပါကြောင်း၊ မြန်မာနိုင်ငံတော်အတွင်း လယ်ပိုင်မြေပိုင်ရှင်စနစ်ကို ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း………”**

၁၉ - ၅ - ၁၉၄၇ ရက်နေ့ ဂျူဗလီဟောတွင်ပြုလုပ်သည့် ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံ၌ ပြောကြားခဲ့သော မိန့်ခွန်းထဲတွင်လည်း ပြည်သူပိုင်ကိစ္စအကြောင်း ထည့်သွင်းပြောကြားခဲ့ပြန်သည်။ ထိုညီလာခံတွင် စစ်မှန်သည့် ဒီမိုကရေစီအဆင့်အတန်းသို့ ရောက်ရှိစေရန် ချမှတ်ရမည့် အခြေခံမူများကို ပြောကြားရာ၌ **“အရေးကြီးသည့် စက်မှုလက်မှုလုပ်ငန်းတွေကို အစိုးရက သိမ်းနိုင်ရမယ် သို့မဟုတ် သိမ်းနိုင်အောင် အခြေခံပျိုးထားရမယ်”**ဟူသောအချက်နှင့် ပတ်သက်၍

**“…ပထမအချက်သဘောကတော့ ကုန်ပစ္စည်းထုတ်လုပ်နည်း (Means of Production) များတွင် အချက်အချာဖြစ်တဲ့ သစ်တော၊ သတ္တုအစရှိတဲ့မြေပေါ်ပစ္စည်း၊ မြေတွင်းပစ္စည်းများ၊ ရေတွင်းရေပေါ်သက်ဆိုင်ရာများ၊ သဘာဝအား၊ လျှပ်စစ်ဓာတ်အား၊ မီးရထား၊ လေကြောင်းသွားလာရေး၊ စာပို့တိုက်၊ သံကြိုး၊ စကားပြောကြေးနန်း၊ အသံလွှင့်ရုံတို့ဟာ တိုင်းပြည်ရဲ့ကိုယ်စား အစိုးရပိုင်ဖြစ်ရလိမ့်မယ်။ တခြားပစ္စည်းလုပ်ငန်းတွေကိုလည်း တတ်နိုင်သမျှ ပြည်သူ့သမဝါယမအသင်းများက ပိုင်ဆိုင်အောင် ကြိုးစားရလိမ့်မယ်။ အစိုးရသိမ်းသမျှ ပစ္စည်းလုပ်ငန်းများကို အစိုးရကိုယ်တိုင် လုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်သေးရင် အခြားလူတွေကို ငှားရမ်းတဲ့ သဘောသာဖြစ်ရလိမ့်မယ်။”** ဟုလည်း ပြောကြားထားခဲ့သည်ကိုလည်း တွေ့ရသည်။

ဗိုလ်ချုပ်၏ ပြောကြားချက်ထဲတွင် ကုန်သွယ်ရေးကဏ္ဍအတွက် အရေးပါသည့် စက်မှုလုပ်ငန်းများ၊ အခြားအရေးကြီးသောလုပ်ငန်းများ၊ မြေပေါ်အောက်၊ ရေပေါ်ရေအောက် ဓာတ်သတ္တုများ၊ လျှပ်စစ်ဓာတ်အား၊ မီးရထား၊ လေကြောင်းသွားလာရေး၊ စာပို့တိုက်၊ သံကြိုး၊ စကားပြောကြေးနန်း၊ အသံလွှင့်ရုံတို့ စသည့်တိုင်းပြည်အတွက် အရေးကြီးသော၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းမှန်သမျှ နိုင်ငံပိုင် ခေါ် ပြည်သူပိုင်ပြုလုပ်မည်ဟု ဆိုထားသဖြင့် လုပ်ငန်းကြီးများကို အရင်းအနှီးများစွာရှိသည့် ပုဂ္ဂလိကအရင်းအနှီးပိုင်ရှင်များ ၎င်းတို့ တစ်ဦး၊ တစ်ဖွဲ့တည်း လက်ဝါးကြီးအုပ် လုပ်ကိုင်နေသည်ကို လက်မခံနိုင်၊ မြေဧကများစွာ လက်ဝါးကြီးအုပ် ပိုင်ဆိုင်ထားသည့် မြေပိုင်ရှင်စနစ်ကိုလည်း ပြင်ဆင်ပြောင်းလဲမည့် သဘောထားများကို တွေ့ရသည်။

အကယ်၍ အစိုးရကိုယ်တိုင်မလုပ်နိုင်သေးပါက ပုဂ္ဂလိကလုပ်ငန်းရှင်များကို ငှားရမ်းလုပ်ကိုင်စေသည့်စိတ်သဘောလည်း ရှိနေသည်ကို တွေ့ရပါသည်။ ဗိုလ်ချုပ်၏ ထိုသို့ပြောဆိုမှုများသည် တစ်ဦးတစ်ဖွဲ့ချင်း အကျိုးစီးပွားထက် ပြည်သူလူထုအားလုံး အကျိုးစီးပွား၊ မျှဝေခံစားနိုင်မှုအပေါ် အလေးထားကြောင်း ပေါ်လွင်လျက်ရှိသည်။

ထို့ပြင် ဗိုလ်ချုပ်သည် တိုင်းပြည်ကောင်းစားရေး၊ ပြည်သူလူထုအားလုံး အကျိုးစီးပွားမျှဝေခံစားနိုင်ရေးကို ရှေးရှုသည့် ဗဟိုမှ စီမံကိန်းချစီးပွားရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်းကိုလည်း ၁၃-၇-၁၉၄၇ ရက်နေ့ ရန်ကုန်မြို့တော်ခန်းမကြီး၌ ကျင်းပခဲ့သည့် ပြည်သူ့အစည်းအဝေးကြီး၌ **“…ဒီတော့ ကျွန်တော်တို့ တိုင်းပြည်ကို ပြန်လည်ထူထောင်ကြမယ်ဆိုလို့ရှိရင်လည်း National Planning လို့ခေါ်တဲ့ အဲဒီစီမံကိန်းမျိုးတွေနဲ့ မလုပ်ဘဲနဲ့ ဘယ်နည်းနဲ့မှ ကျွန်တော်တို့ တိုင်းပြည်ဟာ မကြီးပွားနိုင်ဘူး၊ မထူထောင်နိုင်ဘူး ဆိုတာ ခင်ဗျားတို့ သတိရှိစေချင်တယ်”**ဟု ထပ်မံထည့်သွင်းပြောကြားထားခဲ့ပါသည်။

*စာမျက်နှာ ၇ သို့*

**◆ ဗိုလ်ချုပ်အောင်ဆန်းသည် ၎င်း၏မိန့်ခွန်းများထဲတွင် “စီးပွားရေး ဖက်ဆစ်ဝါဒ”၊ “စီးပွားရေး ဓားပြတိုက်”၊ “စီးပွားရေး ခေါင်းပုံဖြတ်” စသည့် ဝေါဟာရများကို မကြာခဏ ထည့်သွင်းပြောကြားလေ့ရှိသည်။ ထိုဝေါဟာရများက ဗိုလ်ချုပ်သည် စီးပွားရေးမတရားမှု၊ စီးပွားရေးမမျှတမှု၊ မတရားသောစီးပွားရေးစနစ်တို့ကို မနှစ်သက်ကြောင်း သဘောထားထုတ်ဖော်ပြောနေသလိုပင်။ အကယ်၍ ဗိုလ်ချုပ်သာ သက်ရှိထင်ရှားရှိလျက် နိုင်ငံ့စီးပွားရေးကို အကောင်အထည်ဖော်ခွင့်ရခဲ့ပါလျှင် နိုင်ငံတွင်းရှိ အရင်းရှိ၊ အရင်းမဲ့၊ အလုပ်သမား၊ လယ်သမား၊ ကုန်သည်ပွဲစား နိုင်ငံသားအများစု ကျေနပ်မှုရနိုင်မည့် အချိန်အခါနှင့်လျော်ညီသော စီးပွားရေးအယူအဆသစ်တစ်ခုကို ထပ်မံ၍ ကြားရကောင်း ကြားရလိမ့်ထင်မိ၏**

*စာမျက်နှာ ၆ မှ*

**ဗိုလ်ချုပ်၏ ချင့်ချင့်ချိန်ချိန် သဘောထား**

ဖော်ပြခဲ့သော မိန့်ခွန်းများ၊ အာဘော်များကို အကဲခတ်၍ ဗိုလ်ချုပ်အောင်ဆန်းသည် အရင်းရှင်စနစ်ကို ပယ်ဖျက်မည်၊ လွတ်လပ်ရေးရပြီးသည်နှင့် ပြည်သူပိုင်၊ နိုင်ငံပိုင်လုပ်ငန်းများအဖြစ် အသွင်ပြောင်းမည်၊ အစိုးရက ဇဟိုမှစီမံကိန်းချသည့်စနစ်ကို ချက်ချင်းအကောင်အထည်ဖော်လိမ့်မည်ဟု ကောက်ချက်ချကြပေလိမ့်မည်။ သို့သော် ဗိုလ်ချုပ်သည် လက်တွေ့ဖြစ်ပေါ်နေသော အခြေအနေများကို လျစ်လျူရှုလျက် မိမိယုံကြည်လက်ခံသည့် အယူအဆကိုသာ တဇွတ်ထိုး၊ အစွန်းရောက်သဘောထားဖြင့် အကောင်အထည်ဖော်မည့် စိတ်ထားမရှိသူ၊ ဆိုရှယ်လစ်ဝါဒကို အသေဆုပ်ကိုင်လျက် အရင်းရှင်ဝါဒ၊ အရင်းရှင်စနစ်ကို ချက်ချင်းအမြစ်ဖြတ်ဖယ်ရှားမည့်စိတ်မျိုးမရှိသူ၊ မိမိတို့ဦးတည်သည့်ပန်းတိုင် (နိုင်ငံနှင့် ပြည်သူလူထုအကျိုးစီးပွား ဖြစ်ထွန်းမှု) ရောက်ရှိရေးအတွက် တည်ရှိနေပြီးသော အရင်းရှင်စနစ်ကို ဆက်လက်မကြီးထွားစေဘဲ လိုအပ်သလို အကျိုးရှိရှိ အသုံးချသွားမည့် ချင့်ချိန်ဆောင်ရွက်တတ်သော သဘောထားရှိသူ ဖြစ်သည်ကိုလည်း အောက်တွင် ဖော်ပြထားသော ၎င်း၏ ပြောစကားအချို့က သက်သေပြနေပေသည်။

**“……အရင်းရှင်ဝါဒသည် အခါခပ်သိမ်း မလိုလားအပ်သည်ဟု ကျွန်ုပ်မထင်ကြောင်း၊ အချိန်ကာလအားဖြင့် ကျွန်ုပ်တို့ပြည်မှာ ရှေ့သို့တစ်လှမ်းမတက်နိုင်မီ ထိုအရင်းရှင်ဝါဒထဲမှာပင် လုပ်ကိုင်သွားရမည်ဖြစ်ကြောင်း၊ သို့သော် အရင်းရှင်စနစ်ကို အနောက်နိုင်ငံများကဲ့သို့ တရားလွန်ဖွံ့ဖြိုးလာရန် မလုပ်သင့်ကြောင်း၊…..”**(၁၉၄၇ ခုနှစ် မတ်လ ၁ ရက်နေ့က မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးများအသင်း၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ)

**“……..အမှန်တော့ ကျွန်တော်တို့ ဗမာပြည်မှာ ဆိုရှယ်လစ်စနစ်ကို ကျွန်တော်တို့ ဘယ်လောက်ပဲ ထူထောင်ချင်ပေမယ့် အခု ဗမာပြည်မှာ ဖြစ်နေတဲ့ စီးပွားရေးအခြေအနေအရ ဘယ်နည်းနဲ့မှ မဖြစ်နိုင်သေးဘူး။ ကျုပ်တို့ပြည်မှာ အရင်းရှင်စနစ်ဆိုတာတောင် ကောင်းကောင်းမရှိသေးဘူး။ အရင်းရှင်စနစ်ထက် နောက်တစ်ဆင့်ကျတဲ့ စီးပွားရေးစနစ်မှာ ကျုပ်တို့ရောက်နေတယ်။ ဒီတော့ ကျုပ်တို့ဟာ အရင်းရှင်စနစ်ကို မလွှဲမရှောင်သာလို့ ခွင့်ပြုသင့်သလောက်ခွင့်ပြုရမှာပဲ။ ဒါပေမယ့် ကျွန်တော်တို့ဟာ အရင်းရှင်စနစ်ကို မတတ်သာလို့ခွင့်ပြုရပေမယ့် တတ်နိုင်သမျှ ချုပ်ချယ်ရလိမ့်မယ်။ ကိုယ်ပိုင်ပစ္စည်း၊ ကိုယ်ပိုင်လုပ်ငန်းတွေဆိုရင် အများအကျိုးကို မထိခိုက်စေရဘူး ….”**(၁၉-၅-၁၉၄၇ ရက် နေ့၊ ဂျူဗလီဟော ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ)

ဗိုလ်ချုပ်သည် လုပ်ငန်းများကို အရင်းရှင်ကြီးများ၏ လက်ဝယ်တွင် မထားရှိဘဲ ပြည်သူလူထုအကျိုးစီးပွားအတွက် အစိုးရကိုယ်တိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပြည်သူပိုင်သိမ်းရမည်ဆိုသည့်တိုင် တိုင်းရင်းသားလုပ်ငန်းရှင်များကို ထိခိုက်ပျက်စီးစေလိုသည့် ဆန္ဒမရှိပေ။ တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းများ အခြေတည်မြဲ၍ ဖွံ့ဖြိုးလာစေရန်အတွက်လည်း အားပေးလိုသည့် စိတ်နေသဘောထားရှိသည်ကို ၎င်း၏ မိန့်ခွန်းထဲတွင် အထင်အရှား တွေ့နေရပေသည်။

**“ ပရောဂျက်များသည် ပြည်သူပိုင်လုပ်ငန်းနှင့် တူသလိုရှိနေသော်လည်း တိုင်းရင်းသားလုပ်ငန်းများကို အားပေးမည့်အစား အသေသတ်နေပုံရကြောင်း၊ ကျွန်ုပ်၏ဝါဒမှာ အများပြည်သူတို့ အကျိုးပိုရှိလာအောင်သာ ထိုလုပ်ငန်းများကို ပြည်သူပိုင်လုပ်ငန်း ဖြစ်စေလိုကြောင်း၊ တိုင်းရင်းသားလုပ်ငန်း၌ာန ပျက်စီးအောင်လုပ်ဖို့ကား ကျွန်ုပ် သဘောမတူနိုင်ကြောင်း၊ တိုင်းရင်းသားလုပ်ငန်းတို့ကို အစိုးရက အခြေတည်မြဲရန်နှင့် အားပေးရန်လိုသည်ဟု ကျွန်ုပ်ထင်မြင်ကြောင်း။”** (၁-၃-၁၉၄၇ ရက်နေ့က မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးများအသင်း၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ)

ပုဂ္ဂလိကလုပ်ငန်းများနှင့် ပတ်သက်၍ ၁၆ - ၅ - ၁၉၄၆ ရက်နေ့တွင် ပြုလုပ်သော ဖဆပလအဖွဲ့ချုပ်ကြီး၏ အမှုဆောင်ကောင်စီဒုတိယအကြိမ် အစည်းအဝေးတွင် အင်္ဂလိပ်ဘာသာဖြင့် ပြောကြားခဲ့သည့်မိန့်ခွန်းထဲ၌လည်း ..။

**“ဖဆပလအဖွဲ့ကြီး၏ ပထမအကြိမ် ညီလာခံက သဘောတူချမှတ်ခဲ့သော ကျွန်ုပ်တို့၏ စီးပွားရေးနှင့် လူမှုရေးမူဝါဒသည် လုံးဝရှင်းပါသည်။ ကျွန်ုပ်တို့၏ စီးပွားရေးနှင့် လူမှုရေးမူဝါဒရည်ရွယ်ချက်များထဲမှ တစ်ချက်မှာ ပုဂ္ဂလိကလုပ်ငန်းကို အားပေးရန်ဖြစ်သည်”** ဟူ၍လည်း တိတိကျကျ ပြောဆိုထားခဲ့သည်ကို သတိပြုမိနိုင်သည်။

**ဗိုလ်ချုပ်လက်ခံသော စီးပွားရေးဝါဒ**

ဗိုလ်ချုပ်သည် မည်သို့သော အယူဝါဒကို နှစ်သက်လက်ခံနိုင်သနည်း။ ၎င်း၏ ဟောပြောချက်များ၊ မိန့်ခွန်းများထဲတွင် တွေ့ရသည့် နိုင်ငံရေး၊ စီးပွားရေးစနစ် (ကွန်မြူနစ်ဝါဒ၊ စီမံကိန်းစီးပွားရေးစနစ်) တို့သည် ၎င်းလက်ခံယုံကြည်သည့်စနစ်များဟု ယေဘုယျဆိုနိုင်သော်လည်း ဗိုလ်ချုပ်သည် အယူဝါဒတစ်ခုကို တရားသေဆုပ်ကိုင်လျက် တစ်သမတ်တည်း လက်ခံထားသူ မဟုတ်နိုင်ပေ။ မိမိတို့နိုင်ငံအခြေအနေနှင့် ကိုက်ညီပြီး နိုင်ငံနှင့် လူမျိုးအတွက် အကျိုးအများဆုံးဖြစ်ထွန်းစေနိုင်သည့်စနစ်ကိုသာ ကျင့်သုံးလိမ့်မည်ကို အောက်ပါကောက်နုတ်ချက်က ဖော်ပြနေပါသည် -

**“… ကျွန်တော် ကွန်မြူနစ်တစ်ယောက်လားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော့်အဖြေကတော့ နိုင်ငံတစ်နိုင်ငံထဲကို နိုင်ငံခြားစနစ်တစ်ခု အတင်းထည့်သွင်းကျင့်သုံးတာကို ကျွန်တော်လက်မခံ၊ မယုံကြည်နိုင်။ ကျွန်တော်တို့ဟာ ကမ္ဘာပေါ်ရှိစနစ်တွေအားလုံးကို လေ့လာရမယ်။ အဲဒီထဲကမှ ကျွန်တော်တို့ ကိုယ်ပိုင်အခြေအနေနဲ့ ကိုက်ညီမယ့် အကောင်းဆုံးစနစ်ကို လက်ခံရမယ်။ ကွန်မြူနစ်ဝါဒမှာတော့ လက်မခံနိုင်စရာ ဘာပဲရှိရှိ၊ အဲဒီဝါဒရဲ့ စီမံကိန်းစီးပွားရေးကတော့ နှစ်သက်စရာကောင်းပါတယ်။..”** (၁၉၄၅ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့၊ ရန်ကုန်မြို့တော်ခန်းမတွင် ကျင်းပသည့် အရှေ့-အနောက်အဖွဲ့အစည်းတွင် ပြောကြားသည့် မိန့်ခွန်းမှ)

ဗိုလ်ချုပ်သည် ဒီမိုကရေစီ ဝါဒကို နှစ်သက်သူဟု မှန်းဆနိုင်သည်။ နိုင်ငံ လွတ်လပ်ရေးရရှိပြီးပါက ဒီမိုကရေစီထွန်းကားစေရန် အားထုတ်လိုသည့်စိတ်ဆန္ဒရှိခဲ့သည်။ သို့သော် အရင်းရှင်ဒီမိုကရေစီ မဟုတ်ပေ။ ၎င်း၏စိတ်ဆန္ဒတွင်ဖြစ်ပေါ်နေသော ဒီမိုကရေစီအယူဝါဒနှင့်ပတ်သက်၍ ၁၉-၅-၁၉၄၇ ရက်နေ့၊ ဂျူဗလီဟော ဖဆပလပဏာမပြင်ဆင်မှုညီလာခံမိန့်ခွန်း၌ သဘောထားမှတ်ချက်ပေးပြောကြားထားသည်ကိုလည်း မှတ်သားနိုင်ပေသည် -

> **“ကျုပ်တို့လုပ်ချင်တာကတော့ Greatest Happiness of the Greatest Number လူအများဆုံး အကောင်းဆုံး ချမ်းသာသုခရအောင် အဲဒီလို လူအများဆုံးက ကြိုးကိုင်တဲ့ အာဏာရှင်လုပ်တဲ့ ဒီမိုကရေစီမျိုးကိုသာ လိုချင်တာပဲ။…..”**
>
> **“တကယ့်ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့၊ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ လက်ငင်းစီးပွားရေးအဆင့်အတန်းကို အခွင့်အရေးတန်းတူရနိုင်တဲ့ အခြေအနေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့် ဒီမိုကရေစီကိုတက်လှမ်းနိုင်တယ်။”**

**လွတ်လပ်ရေးကာလအလွန် အကောင်အထည်ဖော်မည့်အစီအစဉ်များ**

၁၉၄၅ ခုနှစ် ဩဂုတ်လတွင် စစ်ရှုံး၍ ဖက်ဆစ်တို့ ထွက်ခွာသွားပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည် ဝင်ရောက်လာသော ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် နိုင်ငံအုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် သဘောထားကွဲလွဲခဲ့သည်။ ထို့နောက် ဖဆပလအဖွဲ့ကြီးက ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့မှစ၍ ရွှေတိဂုံအလယ်ပစ္စယံ ညီလာခံကြီးကို ကျင်းပခဲ့ပြီး နောက်ဆုံး၌ အရေးပါသော ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ရာ နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ **“အရင်းရှင်လုပ်ငန်းများ ပြည်သူပိုင်လုပ်ရန်၊ စက်မှုနိုင်ငံထူထောင်ရန်နှင့် မြေပိုင်ရှင်စနစ် ဖျက်သိမ်းရန်”** ဟူသော အချက်များပါရှိခဲ့သည်။

ဖဆပလအဖွဲ့ကြီး၏ သဘောထားသည် အဖွဲ့ကြီး၏ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ သဘောထားပင်ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ရေးရပြီးချိန် အကောင်အထည်ဖော်မည့် နိုင်ငံပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်ပြောကြားခဲ့သည့် မိန့်ခွန်းများထဲတွင် ပါရှိသောအချက်များသည် ကြိုတင်ရည်ရွယ်ထားပြီးဖြစ်သည့်ကိစ္စရပ်များ ဖြစ်နေသည်ကို တွေ့ရသည်။

ဗိုလ်ချုပ်က လွတ်လပ်ရေးရရှိပြီးပါက အောက်ပါအချက်များကို သေချာပေါက် အကောင်အထည်ဖော်လိမ့်မည်ဟု ယေဘုယျကောက်ချက်ချနိုင်ပါသည်-

(၁) ပုဂ္ဂလိကကဏ္ဍက ပိုင်ဆိုင်သည့် လုပ်ငန်းကြီးများကို အစိုးရပိုင်ခေါ် ပြည်သူပိုင်လုပ်ရန်၊

(၂) စက်မှုကဏ္ဍဖွံ့ဖြိုးအောင် ဆောင်ရွက်ရန်၊

(၃) လယ်သမားများဘဝ ဖွံ့ဖြိုးစေရန်နှင့် နိုင်ငံနှင့်ပြည်သူလူထုအကျိုးရှိစေရန် မြေကြေများစွာ ပိုင်ဆိုင်ထားသည့်စနစ်ကို ဖျက်သိမ်းရန်။

**ဗိုလ်ချုပ် ဆန္ဒရှိသော စီးပွားရေး**

မကွယ်လွန်မီ တစ်နှစ်တာမျှအလို ၁၉၄၆ ခုနှစ်မှ ၁၉၄၇ ခုနှစ်အတွင်း ပြောကြားခဲ့သောမိန့်ခွန်းများထဲမှ စီးပွားရေးနှင့်သက်ဆိုင်သော အကြောင်းများကို ဆက်စပ်လေ့လာကြည့်ပါက အောက်ပါအတိုင်း တွေ့ရှိရသည် -

- ပြည်သူလူထု လူမှုဒုက္ခများပြားစေသည့် လက်ဝါးကြီးအုပ်လုပ်ကိုင်နေသော အရင်းရှင်လုပ်ငန်းများကို လက်မခံ၊ အရင်းရှင်စနစ်ကို မနှစ်သက်။
- အခြေအနေအရ အရင်းရှင်စနစ်ကို ခွင့်ပြုသင့်သလောက် ခွင့်ပြုမည်။ သို့သော် ဆက်လက်မကြီးထွားစေရန် သတိထားထိန်းချုပ်မည်။
- ပြည်သူလူထုအကျိုးစီးပွားအတွက် အရေးပါသောလုပ်ငန်းများကို ပြည်သူလူထုကိုယ်စား အစိုးရက လုပ်ကိုင်နိုင်ရန် ပြည်သူပိုင်သိမ်းမည်။
- ဗဟိုမှ အမိန့်ပေးလုပ်ကိုင်မည့် စီမံကိန်းချ စီးပွားရေးစနစ်ကို ကျင့်သုံးမည်။
- တိုင်းရင်းသားလုပ်ငန်းရှင်များကိုလည်း မပျက်စီးစေချင်၊ အခြေတည်ရန် အားပေးချင်သည်။
- ပုဂ္ဂလိကလုပ်ငန်းများကိုလည်း အားပေးချင်သည်။
- စနစ်တစ်ခု၊ သဘောတရားအယူအဆတစ်ခုကို အတင်းသွတ်သွင်း အသုံးပြုခြင်းကို လက်မခံ။
- ကမ္ဘာပေါ်ရှိ စီးပွားရေးစနစ်များထဲမှ မိမိတို့အခြေအနေနှင့် အကိုက်ညီဆုံး၊ အကောင်းဆုံးစနစ်ကို ကျင့်သုံးမည်။
- ပြည်သူလူထု၏လူနေမှုဘဝနှင့်စီးပွားရေးဘဝအဆင့်အတန်း မြင့်မားလာစေမည့် ဒီမိုကရေစီဝါဒကို ကျင့်သုံးနိုင်ရေး အားထုတ်မည်။

အထက်ပါအခြေအနေများကို လေ့လာကြည့်ပါက ဗိုလ်ချုပ်အောင်ဆန်း ဆန္ဒရှိနေသော နိုင်ငံ၏ စီးပွားရေးစနစ်ပုံစံ၊ နိုင်ငံ့စီးပွားရေးဖွံ့စည်းမှု မည်သို့မည်ပုံဖြစ်မည်ကို မှန်းဆသရုပ်ဖော်နိုင်ပါသည်။

- ပြည်သူလူထု အကျိုးစီးပွားကို ထိရောက်စွာလုပ်ဆောင်ပေးနိုင်ရန် အစိုးရ၏ အခန်းကဏ္ဍကြီးမားမှုကို တွေ့ရသည်။
- ဈေးကွက်သဘောသဘာဝဖြင့် လုပ်ဆောင်မှုကိုလည်း အတိုင်းအတာတစ်ခုအထိ ခွင့်ပြုမည်ကို တွေ့ရသည်။
- ပုဂ္ဂလိကကဏ္ဍကို အားပေးရန်ရှိသည်ကိုလည်း တွေ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အယူအဆတွင် အစိုးရတာဝန်ယူမှုအပိုင်းနှင့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမည့် အပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းတွေ့ရပြီး ဈေးကွက်ကို အလေးထားသည်ကိုလည်း တွေ့ရသည်။ စနစ်တစ်မျိုးတည်းကိုသာ အသုံးပြုမည်မဟုတ်ဘဲ သင့်လျော်သလို ပေါင်းစပ်ကျင့်သုံးမည့် ရောပြွမ်းစီးပွားရေးစနစ် ပုံစံဖြစ်ပါလိမ့်မည်။

**ဗိုလ်ချုပ်သာ သက်ရှိထင်ရှားရှိနေသေးပါလျှင်**

ဗိုလ်ချုပ်အောင်ဆန်းသည် ၎င်း၏မိန့်ခွန်းများထဲတွင် “စီးပွားရေး ဖက်ဆစ်ဝါဒ”၊ “စီးပွားရေး ဓားပြတိုက်”၊ “စီးပွားရေး ခေါင်းပုံဖြတ်” စသည့် ဝေါဟာရများကို မကြာခဏ ထည့်သွင်းပြောကြားလေ့ရှိသည်။ ထိုဝေါဟာရများက ဗိုလ်ချုပ်သည် စီးပွားရေး မတရားမှု၊ စီးပွားရေး မမျှတမှု၊ မတရားသော စီးပွားရေးစနစ်တို့ကို မနှစ်သက်ကြောင်း သဘောထားထုတ်ဖော်ပြောနေသလိုပင်။ အကယ်၍ ဗိုလ်ချုပ်သာ သက်ရှိထင်ရှားရှိလျက် နိုင်ငံ့စီးပွားရေးကို အကောင်အထည်ဖော်ခွင့်ရခဲ့ပါလျှင် နိုင်ငံတွင်းရှိ အရင်းရှိ၊ အရင်းမဲ့၊ အလုပ်သမား၊ လယ်သမား၊ ကုန်သည်ပွဲစား နိုင်ငံသားအများစု ကျေနပ်မှုရနိုင်မည့် အချိန်အခါနှင့်လျော်ညီသော စီးပွားရေးအယူအဆသစ်တစ်ခုကို ထပ်မံ၍ ကြားရကောင်း ကြားရလိမ့်ထင်မိ၏။ ။

**ကိုးကား။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပေါင်းချုပ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားကွင်း/ အားကစားရုံများနှင့် ရေကူးကန်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၆**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း ပျက်စီးမှုများ ပြုပြင်ရေးလုပ်ငန်းများ၊ လေ့ကျင့်ရေး ရေကူးကန် ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Max Myanmar Co.,Ltd မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း ပြုပြင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မော်တော်ယာဉ်ပတ်လမ်းများတွင် မြေကြွံပျက်စီးနေမှုများ ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ လေ့ကျင့်ရေး ရေကူးကန် ကြမ်းခင်းကွဲကျနေမှု၊ အုတ်နံရံပြိုကျနေမှုနှင့် ရေသန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများ ရေကူးလေ့ကျင့်ခန်းများ ပြုလုပ်နိုင်စေရန်နှင့် ရေကူးသင်တန်းများ ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ရန် ရေကူးကန်အား အမြန်ဆုံး ဦးစားပေးပြုပြင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်ပြီး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၆**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော် ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် အမှတ်(၁) ကံကြီးမွေးမြူရေးဇုန်၌ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မဟော်ဂနီပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက မဟော်ဂနီ၊ ကုက္ကို၊ ပိတောက်နှင့် ခရေ စုစုပေါင်းအပင် ၂၀၀ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကံကြီးမွေးမြူရေးဇုန်ရှိ ဦးတင်စိုး၏ ဒေသနွား ၇၃ ကောင် မွေးမြူထားရှိသည့်ခြံနှင့် ဦးဝင်းသူရ၏ နို့စားနွား ၁၉ ကောင်၊ အသားတိုးနွား ၁၁ ကောင် မွေးမြူထားရှိမှု၊ ဒေါက်တာ မြတ်စံ၏ ဥစားကြက် အကောင် နှစ်သောင်းမွေးမြူထားရှိမှု၊ တိရစ္ဆာန်အစာ နေပီယာမြက်များ စိုက်ပျိုးထားရှိမှုတို့ကို လည်းကောင်း၊ ဦးမောင်မောင်ညွှန့်၏ နို့စားနွား ၂၁ ကောင် မွေးမြူထားရှိမှုနှင့် တိရစ္ဆာန်အစာနေပီယာမြက်နှင့် အစ္စရေးမြက်ချို စိုက်ပျိုးထားရှိမှု၊ ဦးတွမ်ခင်ဝင်း၏ နို့စားနွား ၁၂၅ ကောင် မွေးမြူထားရှိမှုနှင့် တိရစ္ဆာန်အစာ နေပီယာမြက်များ စိုက်ပျိုးထားရှိမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တော်ဝင်ရတနာလမ်း၊ ရာဇဌာနီလမ်း၊ ရာဇသင်္ဂဟလမ်းနှင့် ပျဉ်းမနား-တောင်ညိုလမ်းများသို့သွားရောက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှု အခြေအနေများနှင့် နိုင်လွန် ကတ္တရာလမ်း(AC) ခင်းကျင်းနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူအင်အားနှင့် စက်ယန္တရားအင်အားများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းသုံးကျောက်များအား သတ်မှတ်အရွယ်အစားအတိုင်း အသုံးပြုရေးတို့ကို မှာကြားသည်။



ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်၌ တိုက်အမှတ် (၄၃၁၂) အား ဖယ်ရှားရှင်းလင်းနေမှုနှင့် မင်္ဂလာကန်သို့ ကမ်းထိန်းနံရံများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ် (၂)၊ နေပြည်တော်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများက ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ လိုင်စင်ပါစည်းကမ်းချက်များ၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်မှုမရှိခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ အောက်ဖော်ပြပါကုမ္ပဏီများသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၁၅ အရ လိုင်စင်ရရှိသူများ လိုက်နာဆောင်ရွက်ရမည့် တာဝန်များအား လိုက်နာရန် ပျက်ကွက်ခြင်း၊ လိုင်စင်စည်းကမ်းချက်များအရ ပေးပို့တင်ပြရမည့် လုပ်ငန်းဆောင်ရွက်ထားရှိမှု သုံးလပတ်အစီရင်ခံစာ ပေးပို့တင်ပြမှုမရှိခြင်း၊ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေ အပိုဒ် ၂၄ (က) (၃) အရ ပေးဆောင်ရမည့် သက်ဆိုင်သောဝင်ငွေ၏ ရာခိုင်နှုန်းကိုအခြေခံသည့် နှစ်စဉ်ကြေးများအား ပေးဆောင်မှုမရှိခြင်းတို့အတွက် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ အပိုဒ် ၄၁ (၄) နှင့်အညီ လိုင်စင်ကို ပယ်ဖျက်သွားမည်ဖြစ်ပါ၍ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ အပိုဒ် ၃၉ (က) (၂) အရ ထိုက်သင့်သော အခွင့်အရေးပေးသည့်အနေဖြင့် **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်နေ့** နောက်ဆုံးထား၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဖြေရှင်းချက်နှင့်အတူ ပေးဆောင်ရမည့် သက်ဆိုင်ရာအခကြေးငွေများကို လာရောက်ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလအထိ ဖြေရှင်းတင်ပြလာခြင်းမရှိပါက လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ အပိုဒ် ၄၁ (၄) နှင့်အညီ လိုင်စင်ကို ပယ်ဖျက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်-

| စဉ် | ကုမ္ပဏီအမည် | လိုင်စင်အမျိုးအစား | လိုင်စင်ရရှိသည့်ရက် |
|---|---|---|---|
| (က) | Everlasting Rainbow Construction Co., Ltd | NFS(I) | ၃-၈-၂၀၁၈ |
| (ခ) | Myanmar Golden 11 Investment International Co., Ltd | NFS(C) နှင့် AS | ၃-၆-၂၀၁၅ နှင့် ၂၄-၁၂-၂၀၁၅ |
| (ဂ) | Tai Telecom Development (TTD) Co., Ltd | NFS(C) နှင့် AS | ၁၈-၅-၂၀၁၆ |
| (ဃ) | VNG Myanmar Co., Ltd | AS | ၂၄-၉-၂၀၁၉ |

၃။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၇၄၇၉ သို့ လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

## ရောဝတီမြစ်နှင့် စစ်တောင်းမြစ်တို့၏ မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၆**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ရောဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ စင်တီမီတာခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ပြန်လည်ကျဆင်းနိုင်သည်။ ရောဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ထို့အပြင် စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

# အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ကျင်းပရာ ရန်ပုံငွေကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များနှင့် စီးပွားရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဇူလိုင် ၇ ရက်တွင် ရန်ပုံငွေကြီးကြပ်မှု ဗဟိုကော်မတီကိုလည်းကောင်း၊ ဇူလိုင် ၁၁ ရက်တွင် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ကိုလည်းကောင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ရန်ပုံငွေထူထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသောစီးပွားရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရန်၊ ပြည်သူများ၏ အိုးအိမ်များ ပြန်လည်ထူထောင်ရန်နှင့် နေထိုင်မှုအဆင်ပြေစေရန် သက်သာသောအတိုးနှုန်းဖြင့် တစ်ဖက်တစ်လမ်းမှ ချေးငွေပံ့ပိုးပေးနိုင်ရန်၊ ငလျင်ဒဏ်ပြန်လည်ထူထောင်ရေး ကိစ္စရပ်များအတွက် အထူးချေးငွေအစီအစဉ်တွင် ပါဝင်သည့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုပံ့ပိုးမှုတို့ဖြင့် ရန်ပုံငွေအား စုစုပေါင်းငွေကျပ်ဘီလီယံ ၇၀၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆောက်အအုံနှင့်နေအိမ်များပြန်လည်တည်ဆောက်မွမ်းမံရေးအတွက် အတိုးနှုန်း ၃ ရာခိုင်နှုန်း၊ MSME များ၏ လုပ်ငန်းလည်ပတ်ရင်းနှီးငွေ (Working Capital) နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအတွက် အတိုးနှုန်း ၅ ရာခိုင်နှုန်း၊ စက်ရုံလုပ်ငန်းကြီးများ၏ စက်ယန္တရားများနှင့် ရင်းနှီးမြှုပ်နှံမှုစရိတ်အတွက် အတိုးနှုန်း ၇ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအတွက် ယာယီချေးငွေ (Bridging Loan) အတွက် အတိုးနှုန်း ၇ ရာခိုင်နှုန်းတို့ဖြင့် ထုတ်ချေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော် ရန်ပုံငွေဖြင့် ထုတ်ချေးသည့်အတွက် ဆုံးရှုံးနိုင်ခြေမရှိအောင် ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီအဖွဲ့ဝင်များက နိုင်ငံတော်က လက်ရှိပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ဆွေးနွေးပြီး ယခုဆောင်ရွက်ပေးမည့် ချေးငွေအစီအစဉ်တွင် ဦးစားပေးထုတ်ချေးလိုသည့် ကဏ္ဍများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြကာ မြန်မာနိုင်ငံဘဏ်များအသင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကလည်း နိုင်ငံတော်က ချမှတ်ထားသော မူဝါဒ၊ စံသတ်မှတ်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

ယင်းနောက် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌက တက်ရောက်လာသူများ၏ ဆွေးနွေးအကြံပြုချက်များအရ ဦးစားပေးကဏ္ဍများအနေဖြင့် MSME လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ပုဂ္ဂလိကစာသင်ကျောင်းများ၊ နိုင်ငံ့ဝန်ထမ်းများ အပါအဝင် ပြည်သူများ၏ ပျက်စီးသွားသော လူနေအိမ်များအား ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများ အမြန်ဆုံးထုတ်ချေးသွားနိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee– DEDC)၊ ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရုံးအမှတ်– ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ – ၁ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ (Myanmar Digital Economy Roadmap 2030) ပါ လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ထိရောက်အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍတို့မှ တာဝန်ရှိသူများက ပွင့်လင်းစွာ ဆွေးနွေးအကြံပြုပေးစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးကို အကျိုးပြုနိုင်ရန်အတွက် ရည်မှန်းထားသည့် ကာလအတွင်း မျှော်မှန်းထားသည့် ရလဒ်ကောင်းများ ပေါ်ထွက်လာအောင် ကော်မတီအဖွဲ့ဝင်များအနေနှင့်တက်ကြွသော ဦးဆောင်မှုအခန်းကဏ္ဍမှ သက်ဆိုင်ရာအဖွဲ့အစည်းများ အားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ– ၂ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်က ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီကို နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးနှင့် အုပ်ချုပ်မှုစသည့် ကဏ္ဍအားလုံးတွင် ဒစ်ဂျစ်တယ် နည်းပညာများကို အသုံးပြု၍ ပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် စီးပွားရေးတိုးတက်ရန်အတွက် ဖွဲ့စည်းခဲ့ပါကြောင်း၊ အတည်ပြုထုတ်ပြန်ပြီးဖြစ်သည့် လမ်းပြမြေပုံပါ လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် စိတ်ပါဝင်စားစွာ ဆွေးနွေးပေးကြရန် ပြောကြားခဲ့သည်။



ယင်းနောက် ကော်မတီအဖွဲ့ဝင်များက ပထမအကြိမ် အစည်းအဝေး (၁/၂၀၂၄)၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေး တင်ပြသည်။

ထို့နောက် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍမှ အဖွဲ့ဝင်ပညာရှင်များနှင့် တာဝန်ရှိသူများက ဒစ်ဂျစ်တယ် စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြခဲ့ကြရာ ပေါင်းစပ်ညှိနှိုင်းမှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ – ၁ နှင့် ဥက္ကဋ္ဌ–၂ တို့က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သနပ်ပင်မြို့နယ်၌ စနစ်တကျ အမှိုက်ခွဲခြား စွန့်ပစ်ရေး အသိပညာပေးဟောပြော



**သနပ်ပင် ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ပတ်ဝန်းကျင်သန့်ရှင်းစေရန်နှင့် အမှိုက်များ စနစ်တကျစွန့်ပစ်စေရန်အတွက် စနစ်တကျအမှိုက်ခွဲခြားစွန့်ပစ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အထက(သနပ်ပင်)၌ ကျင်းပရာ မြို့နယ်စီမံချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသန်းက အမှာစကားပြောကြားသည်။ ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးနေသူအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သူရတို့က အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်ခြင်းနှင့် 3Rs စနစ်အသုံးပြုပြီး စွန့်ပစ်ပစ္စည်းများ၏ ညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်ခြင်းအကြောင်းဟောပြောပြီး ကျောင်းသား ကျောင်းသူများက အမှိုက်များကို အမျိုးအစားခွဲ၍ စနစ်တကျခွဲခြားစွန့်ပစ်ခြင်းကို လက်တွေ့သရုပ်ပြမှုများ ပြုလုပ်ခဲ့သည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

✳ *ကျောဖုံးမှ*

ဘိန်းဆီခဲ ၁၉ ဒသမ ၅ ကီလို (ငင်းဒေသတန်ဖိုးငွေကျပ် ၃၅၁ သိန်း)၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၂၂ ဒသမ ၆ ကီလို (ငင်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၇၈၀)၊ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၇ ကီလို (ငင်းဒေသတန်ဖိုးငွေကျပ် ၄၂၅ သိန်း)၊ ကတ်တမင်း ၁၄ ကီလို (ငင်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၂၀၀) နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀ (ငင်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၀၈၀) တို့ကို ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိမှုးယစ်ဆေးဝါးများအား မိုင်းရယ်မြို့နေ ညီညီထွေး(ခ)Sun မိုင်းရယ်မှ မြဝတီမြို့နေ မျိုးဇော်ငြိမ်းထံသို့ ပို့ဆောင်ရောင်းချပေးခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံ အထက်လွှတ်တော်ရွေးကောက်ပွဲ

တက္ကသိုလ်မောင်ရှုပ

ဂျပန်နိုင်ငံရဲ့ အထက်လွှတ်တော် (The Upper House) ရွေးကောက်ပွဲတွေကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့မှာ ကျင်းပပြုလုပ်တော့မှာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ အထက်လွှတ်တော်မှာ ကိုယ်စားလှယ် ဦးရေ ၂၄၈ ဦးရှိပြီး သက်တမ်းက ခြောက်နှစ် ဖြစ်ပါတယ်။ အဲဒီ ကိုယ်စားလှယ်ဦးရေ ၂၄၈ ဦး ထဲကနေ တစ်ဝက်ဖြစ်တဲ့ ၁၂၄ ဦးဟာ သုံးနှစ်တစ်ကြိမ် ရွေးကောက်ပွဲဝင်ကြရတာဖြစ်ပါတယ်။ အခု ရွေးကောက်ပွဲမှာ လစ်လပ်မဲဆန္ဒနယ်တစ်ခု အပါအဝင် နေရာ ၁၂၅ နေရာအတွက် ကိုယ်စားလှယ်လောင်း ၅၂၂ ဦး ပါဝင်ယှဉ်ပြိုင်သွားကြဖို့ရှိပြီး ကိုယ်စားလှယ်လောင်းတွေရဲ့ မဲဆွယ်စည်းရုံးဟောပြောမှုတွေကို ဇူလိုင်လ ၃ ရက်နေ့က စတင်ပြုလုပ်နေကြပြီ ဖြစ်ပါတယ်။

အခုရွေးကောက်ပွဲအချိန်မှာ ပြည်သူလူထုအကြား စိတ်ဝင်စားနေကြတဲ့ အဓိကအကြောင်းအရာတွေကတော့ နိုင်ငံတွင်းမှာ ကုန်ဈေးနှုန်းတွေ မြင့်တက်နေပြီး ငွေကြေးဖောင်းပွနေတဲ့ ကိစ္စရပ်တွေ၊ ဆန်ဈေးနှုန်းကြီးမြင့်တဲ့ကိစ္စရပ်တွေ ဖြစ်ပါတယ်။ အဲဒီကိစ္စရပ်တွေနဲ့ပတ်သက်ပြီး အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ)နဲ့ မဟာမိတ်ကိုမေးတိုးပါတီတို့က ကိုယ်စားလှယ်လောင်းတွေအနေနဲ့ ဘယ်လိုကိုင်တွယ်ဖြေရှင်းသွားကြမယ်ဆိုတာ ဟောပြောမဲဆွယ်ကြမယ့်အပေါ် ပြည်သူလူထုက စိတ်ဝင်စားနေကြပါတယ်။

ဇူလိုင်လ ၂၀ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် အထက်လွှတ်တော်ရွေးကောက်ပွဲမှာ အာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ)နဲ့ မဟာမိတ် ကိုမေးတိုးပါတီတို့အနေနဲ့ ဘယ်လောက်စွမ်းဆောင်ရည်ရှိမလဲဆိုတဲ့ ထွက်ပေါ်လာမယ့် ရလဒ်တွေအပေါ်မူတည်ပြီး ဝန်ကြီးချုပ်ရှီဂဲရု အီရှီဘနဲ့ အယ်လ်ဒီပီပါတီတို့မှာအပြင် ဂျပန်နိုင်ငံရေးမှာလည်း အလှည့်အပြောင်းတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။

**ရွေးကောက်ပွဲမတိုင်မီ နောက်ခံအခြေအနေ**

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှာ ဝန်ကြီးချုပ်ဖြစ်လာခဲ့တဲ့ အယ်လ်ဒီပီပါတီရဲ့ ဥက္ကဋ္ဌ ရှီဂဲရု အီရှီဘဟာ အောက်လွှတ်တော်ကို ဖျက်သိမ်းခဲ့ပြီး အောက်လွှတ်တော်ရွေးကောက်ပွဲတွေကို အောက်တိုဘာလ ၂၇ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ရာမှာ အာဏာရ အယ်လ်ဒီပီပါတီနဲ့ မဟာမိတ်ကိုမေးတိုးပါတီတို့ဟာ ကိုယ်စားလှယ်အများစုနေရာမရရှိခဲ့တဲ့အတွက် နိုင်ငံရေးအရ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်ခဲ့ကြရပါတယ်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်ကို အတည်ပြုနိုင်ဖို့အပါအဝင် ဥပဒေပြဋ္ဌာန်းနိုင်ဖို့အတွက် အယ်လ်ဒီပီပါတီဟာ အတိုက်အခံနိုင်ငံရေးပါတီတွေနဲ့ အကြိတ်အနယ် ညှိနှိုင်းဆွေးနွေးမှုတွေပြုလုပ်ခဲ့ရပြီး အတိုက်အခံနိုင်ငံရေးပါတီတွေရဲ့ တောင်းဆိုမှုအချို့ကို လိုက်လျောသဘောတူညီခဲ့ရတာတွေ ရှိပါတယ်။ ဒီလိုအလျှော့ပေးခဲ့ရာမှာလည်း ဝန်ကြီးချုပ်ရှီဂဲရု အီရှီဘဟာ အယ်လ်ဒီပီပါတီဝင်တွေကို အသိပေး ညှိနှိုင်းမှုမလုပ်ခဲ့တာတွေ ရှိခဲ့တဲ့အပေါ် ပါတီတွင်း မကျေနပ်မှုတွေလည်း ရှိနေပါတယ်။


ဒါ့အပြင် အခုလာမယ့် အထက်လွှတ်တော် ရွေးကောက်ပွဲဟာ အယ်လ်ဒီပီပါတီအတွက် အချိန်ကောင်း တစ်ခုမဟုတ်ဘူးလို့လည်း ပြောနိုင်ပါတယ်။ ဒါကတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂျပန်နိုင်ငံက သွင်းကုန်တွေအပေါ် တန်ပြန်အကောက်ခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံမယ့်အပေါ် နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုတွေမှာ တိုးတက်မှုတွေ လုံးဝမရရှိသေးတဲ့ အခြေအနေမှာရှိနေခြင်းပဲဖြစ်ပါတယ်။

ဂျပန်ကနေ အမေရိကန်ကို တင်ပို့နေတဲ့ ကုန်ပစ္စည်းတွေရဲ့ ၃၀ ရာခိုင်နှုန်းဟာ မော်တော်ကားကဏ္ဍမှာဖြစ်တဲ့အတွက် ဆွေးနွေးပွဲတွေမှာ သဘောတူညီချက်မရရှိခဲ့ဘူးဆိုရင် ဂျပန်နိုင်ငံရဲ့ စီးပွားရေးအပေါ် ကြီးမားတဲ့ သက်ရောက်မှုတွေရှိလာမှာ ဖြစ်ပါတယ်။ အခုလက်ရှိမှာ နှစ်ဖက်ကိုယ်စားလှယ်တွေ အပြန်အလှန်ခရီးစဉ်တွေ သွားရောက်ပြီး ဆွေးနွေးနေကြတဲ့အပေါ် စောင့်ကြည့်ကြရမှာ ဖြစ်ပါတယ်။



အထက်လွှတ်တော်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးဟောပြောမှုအား ပြည်သူများ နားထောင်နေစဉ်။

> **“အထက်လွှတ်တော်ရွေးကောက်ပွဲမတိုင်မီ ဂျပန်ပြည်သူလူထု စိတ်အပူပင်အဖြစ်ရဆုံး ကိစ္စရပ်ကတော့ နိုင်ငံတွင်းမှာ ကုန်ဈေးနှုန်းတွေ ကြီးမြင့်လာနေတဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ အဓိကစားသုံးသူ ဈေးနှုန်းအညွှန်းကိန်းတွေဟာ မေလအတွင်းမှာ ပြီးခဲ့တဲ့နှစ်ကနဲ့ နှိုင်းယှဉ်ရင် ၃ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့တာဖြစ်သလို ခြောက်လဆက်တိုက် သုံးရာခိုင်နှုန်းအထက်မှာ ရှိနေခဲ့တာ ဖြစ်ပါတယ်”**




အထက်လွှတ်တော်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ၏ နေရာရရှိထားမှုအခြေအနေ။

**ရွေးကောက်ပွဲ၏ အရေးပါမှု**

အထက်မှာဖော်ပြခဲ့တဲ့ အကျပ်အတည်း အခက်အခဲတွေကြောင့် အခုပြုလုပ်မယ့် အထက်လွှတ်တော်ရွေးကောက်ပွဲဟာ အယ်လ်ဒီပီပါတီအပေါ် ပြည်သူလူထုထောက်ခံမှု ဘယ်လောက်ရှိနေတယ်ဆိုတာကို ရှင်းရှင်းလင်းလင်းပြသသွားနိုင်မှာဖြစ်ပါတယ်။ အကယ်၍များ အယ်လ်ဒီပီပါတီဟာ အထက်လွှတ်တော်မှာလည်း အများစုပြန်လည်အနိုင်မရရှိခဲ့ဘူးဆိုရင် လွှတ်တော်တွင်းမှာ ဥပဒေပြုရေးကိစ္စတွေဟာ ပိုမိုခက်ခဲလာပြီး အချိန်ပိုမိုယူလာရဖို့ရှိလာမှာ ဖြစ်ပါတယ်။ ဒီလိုခက်ခဲလာမယ့် အခြေအနေမျိုးမှာ အယ်လ်ဒီပီပါတီဟာ ရေရှည်ဆက်လက်တောင့်ခံနိုင်မလား ဆိုတာဟာလည်း စောင့်ကြည့်ကြရမယ့်ကိစ္စ ဖြစ်လာပါလိမ့်မယ်။

အဲဒီအခြေအနေမှာ အယ်လ်ဒီပီပါတီဟာ သဘောထားချင်း နီးစပ်မယ်လို့ယူဆရတဲ့ အတိုက်အခံ နိုင်ငံရေးပါတီအချို့နဲ့ ညှိနှိုင်းမိတ်ဖွဲ့လာရဖို့ ရှိပါမယ်။ ဒါ့အပြင် ဥပဒေတစ်ခုချင်းအလိုက် လိုအပ်လာချိန်မှာ အဓိကအတိုက်အခံ နိုင်ငံရေးပါတီကြီးတွေရဲ့ ထောက်ခံမှုကိုတောင် ရရှိနိုင်ဖို့လည်း ကြိုးပမ်းလာရမှာ ဖြစ်ပါတယ်။ ယေဘုယျအားဖြင့် ဥပဒေပြဋ္ဌာန်းမှုကိစ္စတွေဟာ အောက်လွှတ်တော်မှာရော၊ အထက်လွှတ်တော်မှာပါ အများစုထောက်ခံမှုကို ရရှိဖို့လိုအပ်တာဖြစ်ပါတယ်။ အယ်လ်ဒီပီပါတီအနေနဲ့ လွှတ်တော်မှာ အမတ်နေရာအများစု မရှိသော်လည်းဘဲ ဥပဒေပြဋ္ဌာန်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံတွေ အများကြီးရှိပါတယ်။

၂၀၂၄ ခုနှစ် အောက်တိုဘာလ အောက်လွှတ်တော် ရွေးကောက်ပွဲမှာ နိုင်ငံရေးရန်ပုံငွေအလွဲသုံးမှု ပြဿနာတွေကြောင့် ပြည်သူလူထုရဲ့ ဝေဖန်မှုတွေကို ခံနေရတဲ့ အယ်လ်ဒီပီပါတီဟာ အများစုနေရာကို ဆုံးရှုံးခဲ့ရပါတယ်။ အကျိုးဆက်အနေနဲ့ အယ်လ်ဒီပီပါတီနဲ့ မဟာမိတ် ကိုမေးတိုးပါတီတို့ဟာ Nippon Ishin no Kai လို့ခေါ်တဲ့ အတိုက်အခံ Japan Innovation Party နဲ့ တစ်စိတ်တစ်ပိုင်း မဟာမိတ်ဖွဲ့စည်းပြီး ဘတ်ဂျက်ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

အကယ်၍များ အထက်လွှတ်တော်မှာ အယ်လ်ဒီပီပါတီဟာ အများစုနေရာကို ထပ်မံလက်လွှတ်ဆုံးရှုံးခဲ့ရမယ်ဆိုရင်တောင် အစိုးရဖွဲ့စည်းပြီး တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်သွားနိုင်မယ့် အလားအလာတွေ ရှိနေပါတယ်။ သို့ပေမယ့် အခက်အခဲတွေ၊ ရှုပ်ထွေးမှုတွေတော့ အများကြီး ရှိလာမှာပါ။ သေချာတာတစ်ခုကတော့ ဝန်ကြီးချုပ်ရှီဂဲရုအီရှီဘဟာ သူ့ရဲ့ ဦးဆောင်မှုအောက်မှာ အောက်လွှတ်တော်မှာရော၊ အထက်လွှတ်တော်မှာပါ အများစုနေရာဆုံးရှုံးခဲ့ရတဲ့အတွက် အယ်လ်ဒီပီပါတီဥက္ကဋ္ဌအဖြစ်ကရော၊ ဝန်ကြီးချုပ်ရာထူးကပါ ဖယ်ပေးရဖို့ရှိနေပြီး ဝန်ကြီးချုပ်အသစ်တစ်ဦး ပေါ်ထွက်လာဖို့ရှိမှာ ဖြစ်ပါတယ်။

**ရွေးကောက်ပွဲမှာ**
**အဓိကအာရုံစိုက်ခံနေရတဲ့ကိစ္စရပ်များ**

အခုလုပ်မယ့် အထက်လွှတ်တော်ရွေးကောက်ပွဲမတိုင်မီ ဂျပန်ပြည်သူလူထု စိတ်အပူပင်အဖြစ်ရဆုံး ကိစ္စရပ်ကတော့ နိုင်ငံတွင်းမှာ ကုန်ဈေးနှုန်းတွေ ကြီးမြင့်လာနေတဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ အဓိကစားသုံးသူ ဈေးနှုန်းအညွှန်းကိန်းတွေဟာ မေလအတွင်းမှာ ပြီးခဲ့တဲ့နှစ်ကနဲ့ နှိုင်းယှဉ်ရင် ၃ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့တာဖြစ်သလို ခြောက်လဆက်တိုက် သုံးရာခိုင်နှုန်းအထက်မှာ ရှိနေခဲ့တာ ဖြစ်ပါတယ်။ ဂျပန်ပြည်သူတွေအတွက် အဓိကအစားအစာဖြစ်တဲ့ *စာမျက်နှာ ၁၁ သို့*

# အလေးပြုလျက်ပါ

❖ ရာသီအလီလီ၊ ခါမီရွှေ့ပြောင်း
ရွက်ဟောင်းရွက်သစ်၊ ဖူးပုရစ်နှင့်
အသစ်အဆန်း တင့်တင့်လန်း၏။

❖ အတိတ်ကာလ၊ မေ့မရချင်
ပူပင်နှလုံး၊ ကြိမ်မီးအုံးသို့
မဆုံးတတ်နိုင်၊ ဇူလိုင်ဆယ့်ကိုး
သမိုင်းဆိုးလျှင်၊ ကမ္ဘည်းတွင်အောင်
စီစဉ်ကွက်ချ၊ ဗြိတိသျှ၏
ညွှန်းပြခဲ့ရာ၊ မိုက်မဲစွာကြောင့်
ပြည်ရွာအတွက်၊ လှမ်းနေလျက်က
မြေသက်ကြွေခ၊ ဆုံးရှုံးရသည်
တသမဆုံး၊ ပြည်ခွင်လုံးလည်း
ယူကျုံးမရ ပူဆွေးကြ...။
ဘယ်ခါမမေ့ တသသ...။

❖ လွတ်လပ်ရေးက၊ အဓိကဟု
လွတ်လပ်ရေးက၊ ပဓာနဟု
နေ့ညမရှိ၊ ပင်ကိုသိဖြင့်
မကြည့်ကိုယ်ကျိုး၊ လုံ့လပျိုး၍
အားကြိုးမာန်တက်၊ တူတွဲဆက်၍
ချီတက်ဖို့ရည်၊ အာဇာနည်တို့
သည်ခါရောက်တိုင်း၊ လွမ်းငွေ့လှိုင်းလျှင်
ရစ်သိုင်းဝေ့ဝဲ ပေါ်လာမြဲ...။
မေ့ပါနိုင်ပဲ ရင်လွှာထဲ...။

❖ အတိတ်နယ်ဆီ၊ အာဇာနည်တို့
ပြည်သူပြည်သား၊ ရင်လွှာကြားဝယ်
ရှိငြားဆဲပေ၊ ဘယ်မသေတည့်
ပေးဝေအလင်း၊ ကြယ်တစ်သင်းသို့
ဖြန့်ခင်းရောင်ခြည် ရှိဆဲတကား...။
အလေးပြုလျက်ပါ အာဇာနည်များ...။

**ဘိုမျိုး(ရွှေဘို)**

## ဘီးလင်းမြို့ အထက (နှင်းပုလဲ)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ဘီးလင်း ဇူလိုင် ၁၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက်ပိုင်းက အထက(နှင်းပုလဲ)ကျောင်း၌ ကျင်းပသည်။

ဦးစွာ အထက(နှင်းပုလဲ)ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်မျိုးဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက လူငယ်စကားဝိုင်း ကျင်းပခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် အထက(နှင်းပုလဲ)ကျောင်းမှ Grade (11)၊ Grade (10) ကျောင်းသား ကျောင်းသူများက ၎င်းတို့ ဖတ်ရှုလေ့လာထားသည့် စာအုပ်များ၏ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများအား ဆွေးနွေးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)



*စာမျက်နှာ ၁၀ မှ*

ဆန်ဈေးနှုန်းတွေဟာလည်း ပြီးခဲ့တဲ့နှစ်ကနဲ့ နှိုင်းယှဉ်ရင် နှစ်ဆနီးပါး မြင့်တက်လာခဲ့ပါတယ်။

၂၀၂၅ ခုနှစ် မေလမှာ စိုက်ပျိုးရေးဝန်ကြီး ဖြစ်လာခဲ့တဲ့ Junichiro Koizumi ဟာ သိုလှောင်ထားတဲ့ အရန်ဆန်တွေကို ဈေးကွက်ထဲကို အများအပြားထုတ်ရောင်းခဲ့ပြီး ဆန်ဈေးနှုန်းတွေ ကျဆင်းစေဖို့ ကြိုးပမ်းခဲ့ပါတယ်။ ဒီလိုဆောင်ရွက်မှုတွေကြောင့် ဆန်ဈေးနှုန်းတွေဟာ ငါးပတ်ဆက်တိုက် ကျဆင်းလာခဲ့ပြီး ဇွန်လအတွင်းမှာ ငါးကီလိုဆန်အိတ်တစ်အိတ်ရဲ့ ဈေးနှုန်းဟာ ယန်း ၃၈၀၀ ခန့်အထိ ကျဆင်းလာခဲ့ပါတယ်။ ဒါ့အပြင် အယ်လ်ဒီပီပါတီဟာ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေကို ကာမိနိုင်စေဖို့ လူတစ်ဦးချင်းစီတိုင်းကို ငွေသား ယန်း ၂၀၀၀၀ ထုတ်ပေးသွားမယ်လို့လည်း ကတိပြုထားပါတယ်။

အတိုက်အခံ Constitutional Democratic Party ပါတီကလည်း အလားတူ ငွေသားထုတ်ပေးသွားဖို့ ကတိပြုထားသလို နိုင်ငံရဲ့ ဆန်ဈေးကွက်မူဝါဒကိုလည်း ပြန်လည်လေ့လာသွားမယ်လို့ ပြောကြားထားပါတယ်။ ဒါတင်မက အစားအသောက်တွေအပေါ်မှာ ကောက်ခံနေတဲ့ စားသုံးခွန်ကိုလည်း ပယ်ဖျက်ပေးသွားမှာဖြစ်သလို ဓာတ်ဆီ၊ ဒီဇယ်ဆီတွေအပေါ်မှာ ကောက်ခံနေတဲ့ အခွန်တွေကိုလည်း လျှော့ချပေးသွားမယ်လို့ ပြောကြားထားပါတယ်။

ဝန်ကြီးချုပ် ရှီဂဲရုအီရှီဘာကတော့ နိုင်ငံရဲ့ စီးပွားရေး ပြန်လည်အားကောင်းလာစေရေးဟာ သူ့အဓိက အလေးပေးဆောင်ရွက်သွားမယ့်ကိစ္စလို့ ပြောကြားထားပေမယ့် စားသုံးခွန်တွေ ပယ်ဖျက်ပေးရေးကိုတော့ လုံးဝငြင်းဆိုထားပါတယ်။ သူကတော့ လူတစ်ဦးချင်းစီတိုင်းကို ငွေသားထောက်ပံ့ပေးသွားရေးဟာ ပိုမိုထိရောက်ပြီး အချိန်တိုအတွင်းမှာ ဆောင်ရွက်ပေးသွားနိုင်တဲ့ကိစ္စဖြစ်တယ်လို့ ပြောကြားထားပါတယ်။

### ရွေးကောက်ပွဲနှင့် အဓိကနိုင်ငံရေးပါတီများ

အထက်လွှတ်တော်အမတ်တစ်ဦးရဲ့ သက်တမ်းဟာ ခြောက်နှစ်ဖြစ်ပါတယ်။ အောက်လွှတ်တော်ကိုတော့ ဝန်ကြီးချုပ်ဟာ အချိန်မရွေးဖျက်သိမ်းနိုင်ပေမယ့် အထက်လွှတ်တော်ကိုတော့ ဖျက်သိမ်းနိုင်ခြင်း မရှိပါဘူး။ အမတ်ဦးရေ ၂၄၈ ဦးရဲ့ ထက်ဝက်ဖြစ်တဲ့ ၁၂၄ ဦးအတွက် သုံးနှစ်တစ်ကြိမ် ရွေးကောက်ပွဲတွေ ကျင်းပပြုလုပ်ပါတယ်။ အခုလာမယ့် ရွေးကောက်ပွဲမှာ လစ်လပ်ကိုယ်စားလှယ်တစ်ဦး ရှိတဲ့အတွက် စုစုပေါင်း ၁၂၅ နေရာအတွက် ရွေးချယ်သွားဖို့ရှိနေပါတယ်။ အဲဒီအထဲကမှ ၇၅ ဦးကို မဲဆန္ဒနယ်တွေကနေ ရွေးချယ်သွားဖို့ရှိပြီး ကျန် ၅၀ ကတော့ အချိုးကျကိုယ်စားပြုစနစ်အရ ရွေးချယ်သွားမှာ ဖြစ်ပါတယ်။




ဂျပန်နိုင်ငံတွင် ဆန်ဈေးနှုန်းများ မြင့်တက်မှုကြောင့် ပြည်သူလူထု၏ အယ်လ်ဒီပီပါတီအပေါ် ထောက်ခံမှုနှုန်းထား ကျဆင်းခဲ့ရသည်။

အခုရွေးကောက်ပွဲကို ဇူလိုင်လ ၂၀ ရက်နေ့ (တနင်္ဂနွေနေ့)မှာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ဇူလိုင်လ ၂၁ ရက်နေ့ (တနင်္လာနေ့) ဟာလည်း ဂျပန်နိုင်ငံရဲ့ တရားဝင် ရုံးပိတ်ရက်ဖြစ်တဲ့အတွက်ရုံးပိတ်ရက် သုံးရက်ဆက်တိုက်ဖြစ်နေတော့ ခရီးထွက်သူတွေ များပြားပြီး မဲလာပေးသူဦးရေ (Voter turnout) နည်းပါးမှာကိုလည်း စိုးရိမ်မှုတွေ ရှိနေပါတယ်။ အစိုးရစာရင်း ဇယားတွေအရ ၂၀၂၂ ခုနှစ်တုန်းက ပြုလုပ်ခဲ့တဲ့ အထက်လွှတ်တော် ရွေးကောက်ပွဲမှာ မဲပေးသူဦးရေဟာ မဲပေးနိုင်သူဦးရေရဲ့ ၅၂ ဒသမ ၀၅ ရာခိုင်နှုန်းသာ ရှိခဲ့ပါတယ်။

အာဏာရအယ်လ်ဒီပီပါတီနဲ့ မဟာမိတ် ကိုမေးတိုးပါတီတို့အနေနဲ့ ပြည်သူလူထုထောက်ခံမှုနှုန်း ကျဆင်းနေချိန်မှာ ပြုလုပ်တဲ့ရွေးကောက်ပွဲဖြစ်တဲ့အတွက် အာဏာရပါတီအတွက် စိတ်ပူပင်စရာ ဖြစ်ပါတယ်။ သို့သော်လည်း တစ်ဖက်မှာ အတိုက်အခံနိုင်ငံရေးပါတီတွေအကြား စုစည်းညီညွတ်စွာ လက်တွဲဆောင်နိုင်ခြင်းမရှိတဲ့အချက်က အာဏာရပါတီအတွက် အခွင့်အလမ်းကောင်းကို ဖြစ်စေပါတယ်။ အဓိကအတိုက်အခံ ပါတီကြီးတွေကတော့ ဝန်ကြီးချုပ်ဟောင်း Yoshihiko Noda ဦးဆောင်တဲ့ (Constitutional Democratic Party–CDP)၊ Democratic Party for the People (DPP)၊ Nippon Ishin (Japan Innovation Party) နဲ့ ဂျပန်ကွန်မြူနစ်ပါတီတို့ ဖြစ်ပါတယ်။ အာဏာရအယ်ဒီပီပါတီနဲ့ မဟာမိတ်ကိုမေးတိုးပါတီတို့အနေနဲ့ ယခုရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းအတွက် အကျုံးမဝင်ဘဲ ဆက်လက်ရှိနေမယ့် အမတ်ဦးရေက ၇၅ ဦးရှိတဲ့အတွက် ဇူလိုင်လ ၂၀ ရက်နေ့ ရွေးကောက်ပွဲမှာ အမတ်ဦးရေ ၅၀ အနိုင်ရရှိခဲ့မယ်ဆိုရင် သူတို့ဟာ အထက်လွှတ်တော်မှာ အများစုနေရာကို ဆက်လက်ကိုင်စွဲထားနိုင်မှာ ဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*



ကိုမေးတိုးပါတီဥက္ကဋ္ဌ Tetsuo Saito၊ အယ်လ်ဒီပီပါတီဥက္ကဋ္ဌ Shigeru Ishiba၊ DPP ပါတီခေါင်းဆောင် Yuichiro Tamaki၊ CDP ပါတီခေါင်းဆောင် Yoshihiko Noda။



နောင်ချိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား သိမ်းပိုက်ရရှိမှုမှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့ရဲစခန်းအား သိမ်းပိုက်ရရှိမှုမှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့နယ် တရားရုံးအား သိမ်းပိုက်ရရှိမှုမှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့မဈေးအား သိမ်းပိုက်ရရှိမှုမှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့ရှိ ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံအား သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့ ပြည်သူ့ဆေးရုံအား သိမ်းပိုက်ရရှိမှုမှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက နောင်ချိုမြို့ ပြည်သူ့ဆေးရုံခွဲစိတ်ခန်းအတွင်းရှိ ပစ္စည်းများအား ဖျက်ဆီးထားရှိမှု။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

❖ *ကျောဖုံးမှ*

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်သည်။ ထို့ပြင် တရုတ်- မြန်မာ နယ်စပ်စီးပွားရေး၏ အဓိကလမ်းမကြီးဖြစ်သော မန္တလေး - မူဆယ်လမ်းမကြီး (အမှတ် ၁၄ အာရှ လမ်းမကြီး) သည် နောင်ချိုမြို့နယ်အတွင်း အနောက်မှ အရှေ့သို့ ဖြတ်သန်းပြီး ပြင်ဦးလွင်- မန္တလေးမှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြားမြို့ရွာများနှင့် ကျောက်မဲမြို့မှတစ်ဆင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့ရွာများသို့လည်း ဆက်သွယ်သွားလာနိုင်သည့်မြို့ဖြစ်သည်။

ရှမ်း၊ ဓနုနှင့် ဗမာလူမျိုးများ အများဆုံးနေထိုင်ကြကာ ဗုဒ္ဓဘာသာကို အဓိက ကိုးကွယ်ကြပြီး ဘာသာတရားအဆုံးအမနှင့်အညီ အေးချမ်းပျော်ရွှင်စွာ နေထိုင်လျက်ရှိကြသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် နောင်ချိုမြို့၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်ပြီး မွေးမြူရေး၊ ဓာတ်သတ္တု၊ ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ ရေတံခွန်များ၊ ထုံးကျောက်ဂူများ၊ တောတောင်ရှုခင်းအလှများ၊ မတူကွဲပြားသော လူမျိုးစုများ၊ သမိုင်းဝင်နေရာများစွာရှိနေသော နောင်ချိုမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ ခရီးသွားများ များစွာဝင်ရောက်မှုတို့နှင့်အတူ ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံများ၏ လူမှုစီးပွားလည်း တိုးတက်စည်ပင်သာယာသည့် အေးချမ်းသည့် မြို့တစ်မြို့ ဖြစ်သည်။

ထိုသို့ အေးချမ်းသာယာပြီး တိုးတက်မှုအဟုန်မြင့်မားနေသည့် နောင်ချိုမြို့သို့ TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှ စတင်၍ မြို့နှင့်မြို့လုံခြုံရေးဆောင်ရွက်နေသည့် တပ်ရင်း/တပ်ဖွဲ့၊ ဌာနချုပ်များအား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြပြီး ဒေသခံပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မလုယက်ယူဆောင်ခြင်း၊ အစိုးရအုပ်ချုပ်မှု ယန္တရားပျက်ပြားအောင် လုပ်ဆောင်ခဲ့ခြင်းများကြောင့် ကျောင်းသား ကျောင်းသူ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် ဒေသခံပြည်သူများသည် ဘေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာ မြို့/ရွာများရှိ ဆွေမျိုးများ၏ နေအိမ်များ၊ ယာယီတိုက်ပွဲရှောင်စခန်းများသို့ မိမိတို့၏ တိုက်တာအိုးအိမ်အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထိုသို့ သာလွန်အင်အားဖြင့် အလစ်အငိုက်လာရောက်တိုက်ခိုက်မှုကြောင့် နောင်ချိုမြို့ရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် တပ်မတော်စစ်ကြောင်းများသည် နောင်ချိုမြို့နှင့် မိမိတို့၏ တပ်ရင်းဌာနချုပ်များ၊ ရန်သူ့လက်တွင်းသို့ မကျဆုံးစေရေးအတွက် မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာဖြင့် အပြင်းအထန်ခုခံခဲ့သော်လည်း ထိခိုက်၊ ကျဆုံး၊ ဒဏ်ရာရရှိမှုများပြားလာခြင်းနှင့် ရန်သူမှ အင်အားအဆမတန် များပြားလာခြင်းတို့ကြောင့် ကြားခံစစ်အဆင့်ဆင့်ဖြင့် ခံစစ်ဆင်ဆုတ်ခွာခဲ့ကာ တောင်ခမ်းတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်တို့ရှိ နယ်မြေခံတပ်များနှင့်ပူးပေါင်း၍ တောင်ခမ်းနှင့် ပြင်ဦးလွင်-နောင်ချိုမြို့နယ် ထိစပ်နေသည့်ဒေသတို့၌ ယာယီခံစစ်ဆင်ကာ အကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်မှုများကို ပြန်လည်ခုခံခဲ့သည်။

နောင်ချိုမြို့အား ယာယီထိန်းချုပ်ထားရှိပြီး စစ်ရေးလှုပ်ရှားမှု အရှိန်မြှင့်တင်လာသည့် TNLA အဖွဲ့၊ MDY-PDF နှင့် ဓနု PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၀ ရက်မှ စတင်၍ တောင်ခမ်းတပ်နယ် အနီးတစ်ဝိုက်ရှိ ကျေးရွာများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများအတွင်း ဝင်ရောက်နေရာယူပြီး ရွာသူ/ရွာသားများအား လူသားတံတိုင်းသဖွယ် အသုံးပြု၍ တပ်မတော်စစ်ကြောင်းများနှင့် တပ်စခန်းများအား အင်အားအလုံးအရင်းဖြင့် စတင်တိုက်ခိုက်ခဲ့ကြရာ မိမိတပ်များက စစ်ဗျူဟာအရေးကြီးမြေများတွင် ဖြန့်ခွဲ၍ အသင့်ခံစစ်ပြင်ဆင်ခုခံ တိုက်ခိုက်မှုများကြောင့် အလွယ်တကူ ထိုးဖောက်တိုက်ခိုက်နိုင်ခြင်း မရှိဘဲ Drone များ၊ လက်နက်ကြီးများအသုံးပြု၍ တပ်ရင်းဌာနချုပ်များနှင့် တပ်စခန်းများကို တိုက်ခိုက်ခဲ့ပြီး အဖွဲ့ငယ်များခွဲကာ အလစ်အငိုက်တိုက်ခိုက်ခြင်းများ၊ အဓိက အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်နေသည့် နောင်လင်း-မဲပုတ်-ဈေးကုန်းလမ်း၊ နားရှိုး-ဈေးကုန်းလမ်းဆုံတို့အား ဖြတ်တောက်ပိတ်ဆို့ခြင်း၊ ယာပြင် - အင်းဖို - တောင်ရှည် လမ်းကြောင်းအား ထိုးဖောက်ဝင်ရောက်၍ တောင်ခမ်းရွာနေရာများကို ဖြတ်တောက်ပိတ်ဆို့တိုက်ခိုက်ခြင်း၊ နောင်လင်း-မဲပုတ် - မကျည်းရေ လမ်းကြောင်းမှတစ်ဆင့် တပ်မတော်စခန်းများအား တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ပြင်ဦးလွင် - နောင်ချိုဆက်သွယ်ရေးလမ်းမကြီးပေါ်ရှိ ကျောက်ကြမ်း၊ အုမ္မခါး၊ ရေမောင်းတန်း၊ အုမ္မသီး၊ ဘန့်ဘွေးဒေသနှင့် ပြင်ဦးလွင် - မိုးကုတ်လမ်းကြောင်းပေါ်ရှိ ဟိုခို၊ သံဘို၊ ကျောက်မဲလေးဒေသအထိ တိုးချဲ့တိုက်ခိုက်လာခဲ့သည်။

ထိုသို့တိုက်ခိုက်ခြင်းများကြောင့် တောင်ခမ်းဒေသသို့ တပ်မတော်မှ ကွန်မန်ဒိုအဖွဲ့များ၊ စစ်ကူစစ်ကြောင်းများနှင့် လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုများအား အမြန်ဆုံးဖြည့်တင်း ဆောင်ရွက်ခဲ့ပြီး လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ပူးပေါင်းကာ မြေပြင်/ဝေဟင် ဟန်ချက်ညီပေါင်းစပ်ပြီး မြေပြင်သတင်းဖော်ထုတ်၍ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၅ ရက်မှစ၍ အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့်နေရာများသို့ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter - Terrorism Operation) ဖြင့် တန်ပြန်တိုက်စစ်များ အဆင့်ဆင့် တိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် မကျည်းရေမှတစ်ဆင့် တောင်ခမ်းသို့ ဆက်သွယ်သည့် အုပ်ချုပ်မှုလမ်းကြောင်းများအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ အလားတူ ကျောက်မဲလေးဒေသမှ သံဘိုကျေးရွာအနီးနှင့် ဘန့်ဘွေးဒေသမှ ဂန့်ဂေါ - အုမ္မသီးလမ်းခွဲတို့အား တန်ပြန်တိုက်စစ်ဖြင့် ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ စိတ်ဓာတ်ရေးရာကို ပြင်းထန်စွာရိုက်ချိုးနိုင်ခဲ့ပြီး ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှုကို အပြည့်အဝရရှိလာသည့်အတွက် တပ်မတော်စစ်ကြောင်းများမှ တိုက်ပွဲဝင် အရာရှိ၊ စစ်သည်များသည် စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လို ခိုက်လိုစိတ်ပြင်းပြမှုတို့ဖြင့် အောင်မြေချဲ့ထွင်မှုများကို မြေပြင်၊ ဝေဟင်စစ်နည်းဗျူဟာ မြောက်အဆင့်ဆင့် ပေါင်းစပ်၍ အကြမ်းဖက်

*စာမျက်နှာ ၁၃ သို့*



ရန်သူ့ထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများ။



နောင်ချိုမြို့အနီးရှိ ရန်သူ့စခန်းကုန်းအား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့ မြန်မာ့စီးပွားရေးဘဏ်အား သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



နမ့်ဆောင်ဟူးကျောင်းတိုက်အား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့နယ် မန်မော်ဘုရားကုန်းတွင် အကြမ်းဖက်သောင်းကျန်းသူများက ခံစစ်ပြုလုပ်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၂ မှ*

သောင်းကျန်းသူများ ယာယီခံစစ်စခန်း တည်ဆောက်ထားသည့်နေရာများကို အဆင့်ဆင့်လိုက်လံတိုက်ခိုက်ချေမှုန်းခဲ့ပြီး နောင်ချိုမြို့အား ပြန်လည်သိမ်းပိုက်ရရှိ ရေး စစ်ကြောင်းများခွဲ၍ "ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း" တိုက်ခိုက်ခဲ့ရာ တောင်ခမ်း-ကံကြီး-နောင်ချိုလမ်းကြောင်းရှိ နမ့်ဆောင်ဟူးတစ်ဝိုက်အား ၂၀၂၅ ခုနှစ် ဇူလိုင် ၈ ရက်တွင် လည်းကောင်း၊ တောင်ခမ်း - ရွှေသွန်း - ဂုတ်ထိပ် - နောင်ချိုလမ်းကြောင်းရှိ ဂုတ်ထိပ်အနီးတစ်ဝိုက်အား ဇူလိုင် ၁၂ ရက်တွင် လည်းကောင်း၊ ပြင်ဦးလွင် - နောင်ချိုပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ရှိ အုမ္မသီးလမ်းခွဲမှ အုမ္မခါး ကျေးရွာအထိအား ဇွန် ၂၅ ရက်တွင်လည်းကောင်း၊ ကျောက်ကြမ်းနေရာတစ်ဝိုက်အား ဇူလိုင် ၁၅ ရက်တွင် လည်းကောင်း တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး အောင်မြင်စွာပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး အဆင့်ဆင့်ပစ်ကျင်းများ တူး၍ ချဉ်းကပ်ခဲ့ပြီး အသက်ကိုပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ၁၁ လအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီးအကြိမ် ၂၀၊ ထိတွေ့မှုပေါင်း ၅၆၆ ကြိမ်ဖြစ်ပွားခဲ့ပြီး ထင်ရှားသည့်တိုက်ပွဲများအနေဖြင့် ငုံးမင်းစေတီတိုက်ပွဲ၊ ပွိုင့် (၁၁၃၀) တိုက်ပွဲ၊ ဇေတဝန်ဘုရားကုန်းတိုက်ပွဲ၊ မန်ကျည်းရေဘုန်းကြီးကျောင်းတိုက်ပွဲ၊ ထုံးဖိုစုကျေးရွာတိုက်ပွဲ၊ ကမ္ဘောဇဘုန်းကြီးကျောင်းတိုက်ပွဲ၊ နားရှိုးကျေးရွာတိုက်ပွဲ၊ ရွှေစံဖော်ဘုန်းကြီးကျောင်းတိုက်ပွဲ၊ ဆယ်တောင်ပြည့်ဘုရားကုန်းတိုက်ပွဲ၊ မန်မောကျေးရွာတိုက်ပွဲ၊ တောင်ရှည်ကျေးရွာတိုက်ပွဲ၊ ကျောက်ကြမ်းတိုက်ပွဲ၊ နမ့်ဆောင်ဟူးတိုက်ပွဲ၊ မျက်ချင်းနုတိုက်ပွဲ၊ ရွှေပြည်ညွန့်တိုက်ပွဲ၊ ရွှေသွန်းတိုက်ပွဲ၊ ကုန်းစံတိုက်ပွဲ၊ ဂုတ်ထိပ်တိုက်ပွဲ၊ ပွိုင့်-၁၁၁၈ တိုက်ပွဲများဖြစ်ပြီး ရန်သူ့ထံမှ အလောင်း ၁၇၁ လောင်း၊ လက်နက်မျိုးစုံ ၁၆၆ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများသည် တပ်မတော်စစ်ကြောင်းများ၏ တန်ပြန်ထိုးစစ်အား ဆက်လက်ခုခံနိုင်ခြင်းမရှိတော့ဘဲ ထိခိုက်ကျဆုံးများစွာဖြင့် ကစဥ့်ကလျားဆုတ်ခွာ ထွက်ပြေးသွားခဲ့သဖြင့် ယနေ့ ဇူလိုင် ၁၆ ရက် မွန်းတည့် ၁၂ နာရီချိန်ခန့်တွင် နောင်ချိုမြို့ တစ်မြို့လုံးအား တပ်မတော်က အပြီးတိုင် အောင်မြင်စွာသိမ်းပိုက်ခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ မိမိအိုးအိမ်နေရာများ၊ မိမိတို့၏ စိတ်အေးချမ်းသာစွာဖြင့် ပြန်လည်နေထိုင်လိုသည့် ဆန္ဒ၊ အကြမ်းဖက်သောင်းကျန်းသူများ၏ အသက်အန္တရာယ်ရန်ပြုမှုဘေးမှ ကင်းဝေးပြီး အေးချမ်းစွာ မိမိလူမှုစီးပွားဘဝအတွက် ရှာဖွေစားသောက်လုပ်ကိုင်လိုစိတ်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီ ဖြစ်သည်။

တိုက်ပွဲကာလများမတိုင်မီ နိုင်ငံရေးခံယူချက်မတူညီမှုကြောင့် တပ်မတော်အား မထောက်ခံသူလူနည်းစုဖြစ်သော အရပ်သားပြည်သူအချို့နှင့် နေအိမ်၊ ဥစ္စာပစ္စည်းများကို စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများသည် ၎င်းတို့ TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ လက်အောက်သို့ ရောက်ရှိသွားပါက အခြေခံလူ့အခွင့်အရေး ဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်အဘက်ဘက်မှ နိမ့်ကျသွားနိုင်သည်ကို လက်တွေ့သဘောပေါက်နားလည်လာသည့်အတွက် တပ်မတော်အား စိတ်အားထက်သန်စွာ အားပေးထောက်ခံလာ ကြပြီး မြေပြင်သတင်းရရှိမှုများအား နီးစပ်ရာတပ်မတော်စစ်ကြောင်းများထံသို့ သတင်းပေးပို့ခြင်း၊ တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်လာခဲ့သည်။

TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် နောင်ချိုမြို့နှင့် ၎င်းဒေသအား ယာယီသိမ်းပိုက်ထိန်းချုပ်ထားစဉ် မြို့/ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများ နေအိမ်များနှင့် ဈေးဆိုင်ခန်းများအား ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်း၊ အများပြည်သူ သွားလာလျက်ရှိသည့် လမ်းများအား မြေဖြတ်ခြင်းများ ပြုလုပ်ဖျက်ဆီးခြင်း၊ လမ်းပန်းဆက်သွယ်ရေးတွင် အဓိကအချက်အချာကျသည့် ဂုတ်တွင်းတံတားအပါအဝင် အခြားလမ်း/ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။



ဂုတ်တွင်းတံတားအား အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

တပ်မတော်စစ်ကြောင်းများအနေဖြင့် နောင်ချိုမြို့အတွင်းသို့ ယာယီနေရပ်စွန့်ခွာနေကြရသည့် ဒေသခံပြည်သူများအား အန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာ ဆောင်ရွက်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်ကင်းရှင်းရေးဦးစားပေးရှင်းလင်းဖော်ထုတ်ခြင်းအား ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာန အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အမြန်ဆုံး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

၎င်းကဲ့သို့ နောင်ချိုဒေသ၏ လုံခြုံရေး၊ ဒေသခံပြည်သူလူထု လိုလားတောင်းတလျက်ရှိသည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံခိုင်မာစေရေးကို ရှုပ်ရှုပ်ချုံချုံ ဆောင်ရွက်ပေးနိုင်ခဲ့သည့် တိုက်ပွဲဝင်တပ်မတော်သား အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား မြဝတီရုပ်မြင်သံကြားအဖွဲ့သူ၊ အဖွဲ့သားများအားလုံးက လေးစားစွာဂုဏ်ပြုပါကြောင်းနှင့် အလားတူ ရှေ့တန်းတိုက်ပွဲဝင်တပ်မတော်သား အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအတွက်အောင်နိုင်စိတ်၊ တိုက်ပွဲဝင်လိုစိတ် စသည့်စိတ်ဓာတ်ခွန်အားအပါအဝင် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို မဆုတ်မနစ်သောယုံကြည်ချက်ဖြင့် ဖြည့်ဆည်းပေးခဲ့သော တပ်မတော်သားမိသားစု ပါရမီဖြည့်ဖက်များနှင့် တပ်မတော်ကို အားပေးထောက်ခံခဲ့ကြသူအားလုံးကိုလည်း လေးစားစွာ အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်းဂုဏ်ယူစွာ သတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**

# ကာတာနိုင်ငံ၌ ဂါဇာဒေသအပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်

**ဒိုဟာ ဇူလိုင် ၁၆**

ဟားမားစ် – အစ္စရေး သွယ်ဝိုက်သောဆွေးနွေးပွဲများကို ပြီးဆုံးမည့် အချိန်ကာလသတ်မှတ်ချက်မရှိဘဲ ကာတာနိုင်ငံ ဒိုဟာမြို့တွင် ဆက်လက်လုပ်ဆောင်နေသည်ဟု ကာတာနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာဂျက်ဘင် မိုဟာမက် အယ်အန်ဆာရီက ဇူလိုင် ၁၅ ရက်တွင် ပြောသည်။

ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်နေသရွေ့ ကိုယ်စားလှယ်များမှာ ဒိုဟာမြို့တွင် အဖွဲ့အစည်းများအားလုံးနေ့စဉ်နှင့်အမျှ ဆက်သွယ်နေကြသည်။ ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်နေသည်ဟု ၎င်းက ပြောကြားခဲ့သည်။

ဤအဆင့်တွင် အချိန်အပိုင်းအခြား သတ်မှတ်ချက်မရှိသော်လည်း နှစ်ဖက်စလုံးမှ ဆက်လက်ထိတွေ့ဆက်ဆံမှုများပြုလုပ်နေမည်ဟု သတင်းစာရှင်းလင်းပွဲတွင် ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အီဂျစ်၊ ကာတာနှင့်အမေရိကန်တို့မှ စေ့စပ်ညှိနှိုင်းသူများသည် ဆွေးနွေးပွဲများမှတစ်ဆင့် အကဲဆတ်သည့်ပြဿနာများနှင့်ကွာခြားချက်များကို ပေါင်းကူးပေးရန် ကြိုးစားလုပ်ဆောင်နေကြသည်။

ထို့ကြောင့် လာမည့်ဆွေးနွေးပွဲများတွင် သဘောတူညီချက်မူဘောင်ရရှိရန် လမ်းကြောင်းဖြစ်လာမည်ဟု ၎င်းက ပြောကြားခဲ့သည်။ အစ္စရေးနှင့် ဟားမားစ်တို့၏ သွယ်ဝိုက်သောဆွေးနွေးပွဲအသစ်ကို ဇူလိုင် ၆ ရက်က ဒိုဟာမြို့တွင် ပြန်လည်စတင်ခဲ့သည်။ ၂၁ လကျော်ကြာ ဂါဇာကမ်းမြောင်ဒေသကို ပျက်စီးစေခဲ့သည့် ပဋိပက္ခများကိုအဆုံးသတ်ရန် နိုင်ငံတကာ၏ ကြိုးပမ်းအားထုတ်မှုလည်းဖြစ်သည်။

ဆင်ဟွာ





ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်။

# ၂၀၂၅ ပထမ နှစ်ဝက်ကာလအတွင်း ဂျပန်နိုင်ငံသို့ နိုင်ငံခြားခရီးသွား ၂၁ ဒသမ ၅ သန်း ဝင်ရောက်

**တိုကျို ဇူလိုင် ၁၆**

၂၀၂၅ ပထမနှစ်ဝက်ကာလအတွင်း ဂျပန်နိုင်ငံသို့ ဝင်ရောက်သည့် နိုင်ငံခြားသားခရီးသွားအရေအတွက်မှာ ၂၁ ဒသမ ၅ သန်းရှိသည်ဟု ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့အစည်း၏ ဇူလိုင် ၁၆ ရက် ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၄ ခုနှစ် ပထမခြောက်လအတွင်း ဂျပန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည်ဦးရေမှာ ၁၇ ဒသမ ၇၈သန်းရှိခဲ့သည်ဟု အဆိုပါအဖွဲ့အစည်းက ပြောသည်။

ဇွန်လအတွင်း ဂျပန်နိုင်ငံသို့လာရောက်သည့် နိုင်ငံခြားခရီးသွားဦးရေမှာ ၃ ဒသမ ၃၈ သန်းရှိရာ ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်ပြီး ခရီးသွားလာရောက်မှုအမြင့်ဆုံးဖြစ်လာသည်ဟု အချက်အလက်များအရ သိရသည်။

ဂျပန်ခရီးသွားအေဂျင်စီ၏ ကနဦးအချက်အလက်များအရ ဧပြီလမှ ဇွန်လအတွင်း ဂျပန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားခရီးသွားများသုံးစွဲမှုမှာ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၈ဘီလီယံ ရှိသည်ဟု သိရသည်။

ဆင်ဟွာ

# ဆီးရီးယားနိုင်ငံတောင်ပိုင်း၌ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုများအတွက် ကုလအကြီးအကဲ စိုးရိမ်

**ဂျီနီဗာ ဇူလိုင် ၁၆**

ဆီးရီးယားနိုင်ငံတောင်ပိုင်း ဆူဝီဒါ အုပ်ချုပ်ရေးဒေသ ဒရုဇ်အများစုနေထိုင်ရာနေရာ၌ ဆက်လက်ဖြစ်ပွားနေသည့် အရပ်သားများ အပါအဝင် လူပေါင်းများစွာ သေကျေပျက်စီးစေသော အကြမ်းဖက်တိုက်ခိုက်မှုများကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က စိုးရိမ်လျက်ရှိသည်ဟု ၎င်း၏ပြောရေးဆိုခွင့်ရှိသူ စတက်ဖိန်ဒူဂျာရစ် က ဇူလိုင် ၁၅ ရက်တွင် ပြောသည်။

အရပ်သား သေဆုံးခြင်းနှင့် ပစ္စည်း လုယက်ခံရသည့်သတင်းများ တွေ့ရှိရသည့်အတွက် စိုးရိမ်ပူပန်မှုဖြစ်ပေါ်စေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အရပ်သားများအပေါ် အကြမ်းဖက်မှုများ အထူးသဖြင့် လူမျိုးရေးတင်းမာမှုကို ဖြစ်ပေါ်စေသည့် အပြုအမူများကို ရှုတ်ချကြောင်း ဒူဂျာရစ်က ဆက်လက်ပြောကြားခဲ့သည်။

အရပ်သားများကို ကာကွယ်ရန်၊ တည်ငြိမ်မှုကို ပြန်လည်ထိန်းသိမ်းရန်နှင့် နောက်ထပ်အကြမ်းဖက်မှုများကို ကာကွယ်ရန် ဆီးရီးယားကြားဖြတ်အစိုးရနှင့် ဒေသခံခေါင်းဆောင်များကို ကုလအကြီးအကဲက တိုက်တွန်းကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဆင်ဟွာ



ကျိုတိုမြို့၌ လာရောက်လည်ပတ်သည့်နိုင်ငံခြားသားခရီးသွားများကို တွေ့ရစဉ်။

# ပါကစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၁၁၆ ဦးအထိရှိလာ

**အစ္စလာမ္မာဘတ် ဇူလိုင် ၁၆**

ဇွန်လ ၂၆ ရက်မှစပြီး ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် မုတ်သုံမိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် အနည်းဆုံး လူ ၁၁၆ ဦး သေဆုံးပြီး ၂၅၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံ၏ အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ (NDMA) က ဇူလိုင် ၁၅ ရက်တွင် ပြောကြားခဲ့သည်။

NDMA ၏နောက်ဆုံးအစီရင်ခံစာအရ လွန်ခဲ့သည့် ၂၄ နာရီအတွင်း မိုးရွာသွန်းမှုကြောင့် သေဆုံးသူ ငါးဦးနှင့် ဒဏ်ရာရသူ ၄၁ ဦး ရှိခဲ့ကြောင်း သိရသည်။

အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် သေဆုံးသူ ၄၄ ဦးရှိပြီး အနောက်မြောက်ပိုင်း ခိုင်ဘာပက်ထန်းခဝါ ပြည်နယ်တွင် ၃၇ ဦး၊ တောင်ပိုင်း ဆင်းဒ်ပြည်နယ်တွင် ၁၈ ဦးနှင့် အနောက်တောင်ပိုင်း ဘယ်လိုချီစတန် ပြည်နယ်တွင် ၁၆ ဦးတို့ဖြစ်သည်။



ဂယ်ဂစ် – ဘယ်တစ်စတန်နှင့် အစ္စလာမ္မာဘတ်မြို့တော်တို့တွင် အသေအပျောက်မရှိကြောင်း ပါကစ္စတန်ထိန်းချုပ်ထားသော ကက်ရှ်မီးယားဘက်တွင် တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း NDMA မှ ပြောကြားခဲ့သည်။

ဇူလိုင် ၁၇ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမည်ဟု ခန့်မှန်းထားသောကြောင့် ပန်ဂျပ်၊ ခိုင်ဘာပက်ထန်းခဝါနှင့် ဘယ်လိုချီစတန်ပြည်နယ်များရှိ အချို့နေရာများတွင် လျှပ်တစ်ပြက် ရေကြီးနိုင်ကြောင်း NDMA က ရာသီဥတုသတိပေးချက် ထုတ်ပြန်ထားသည်။

ဆင်ဟွာ

# အင်ဒိုနီးရှားရဲတပ်ဖွဲ့ ကလေးလူကုန်ကူးမှု ကွင်းဆက်ကို ဖော်ထုတ်

**ဂျကာတာ ဇူလိုင် ၁၆**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်ရှိ ရဲတပ်ဖွဲ့သည် နိုင်ငံ၏ဒေသအသီးသီးမှ မွေးကင်းစကလေးငယ် ၂၄ ဦးကို အိမ်နီးချင်း စင်ကာပူနိုင်ငံရှိဝယ်သူများထံ ရောင်းချခဲ့သည်ဟု စွပ်စွဲခံထားရသည့် ကလေးလူကုန်ကူးမှု ကွင်းဆက်တစ်ခုကို ဖော်ထုတ်နိုင်ခဲ့သည်။

ယနေ့အထိ လူကုန်ကူးမှုကွင်းဆက်တွင်ပါဝင်ပတ်သက်သည်ဟု သံသယရှိသူ အင်ဒိုနီးရှားနိုင်ငံသား ၁၃ ဦးကို ပွန်တီယာနက်ဒေသ အနောက်ခါလီမန်တန်ပြည်နယ်နှင့် တန်ဂီရန်ဒေသ ဘန်တမ်းပြည်နယ်တို့တွင် ပြုလုပ်ခဲ့သည့် သီးခြားစစ်ဆင်ရေးများတွင် ဖမ်းဆီးရမိခဲ့သည်။ သံသယရှိသူ ၁၂ ဦးကို ဇူလိုင် ၁၄ ရက်တွင် ဖမ်းဆီးခဲ့သည်။ ၁၃ ဦးမြောက်သံသယရှိသူကို ဘန်တန်ပြည်နယ်ရှိ ဆိုကာနို–ဟက်တာ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဇူလိုင် ၁၅ ရက်ညနေပိုင်းတွင် ဖမ်းဆီးရမိခဲ့သည်။

အနောက်ဂျာဗားရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဟန်ဒရာ ရှော့ချ်မာဝမ်က စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်နေကြောင်း ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံတွင် ရောက်နေနိုင်သည်ဟု ယူဆရသည့် ကလေးငယ် ၂၄ ဦးအား ရှာဖွေနိုင်ရန် အနောက်ဂျာဗားရဲတပ်ဖွဲ့သည် နိုင်ငံတကာရဲတပ်ဖွဲ့ (အင်တာပိုလ်) နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ စစ်ဆင်ရေးအတွင်း ရဲတပ်ဖွဲ့က ကလေးခြောက်ဦးကို အောင်မြင်စွာကယ်တင်နိုင်ခဲ့ပြီး ၎င်းတို့ထဲမှ ငါးဦးသည် စင်ကာပူသို့ လူကုန်ကူးခံရတော့မည်ဖြစ်ပြီး တစ်ဦးမှာ တန်ဂါရန်သို့ လူကုန်ကူးခံရတော့မည်ဖြစ်သည်။

ဆင်ဟွာ

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အမည်ခံ အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်း



**နေပြည်တော် ဇူလိုင် ၁၆**
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အမည်ခံအဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့် ပတ်သက်သည်များကို အသိပညာပေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသားငါးဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကာ ထောက်ပံ့ငွေများနှင့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၃ ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၁၆**
ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၇ ဦး၊ အိန္ဒိယနိုင်ငံသားနှစ်ဦး၊ တရုတ်နိုင်ငံသားနှစ်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦးနှင့် အီသီယိုးပီးယားနိုင်ငံသား တစ်ဦး စုစုပေါင်း ၂၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။



**လိုအပ်သည်များ ဖြည့်စွက်မှာကြား**

အဆိုပါ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၁၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၄၇ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၉၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့် လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဇမ္ဗူသီရိမြို့နယ် သုခတော်ဝင်အိမ်ရာတွင် ဖြစ်ပွားခဲ့သော လူသတ်မှု၌ ပါဝင်ပတ်သက်သူများအား သေဒဏ်နှင့် ထောင်ဒဏ်များ အသီးသီးကျခံစေရန် တရားရုံးက အမိန့်ချမှတ်

**နေပြည်တော် ဇူလိုင် ၁၆**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် သုခတော်ဝင်အိမ်ရာ၌ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၇ ရက်က တိုက်အမှတ် (K–1)၊ အခန်း(၁၃) တွင် နေထိုင်သူ ဒေါ်စန္ဒာမိုးသည် ၎င်း၏နေအိမ်တိုက်ခန်းအတွင်းရှိ ညှော်ခန်း၌ ဝမ်းဗိုက်ပတ်လည်တွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းပေးချက်အရ သွားရောက်စစ်ဆေးရာ ဒေါ်စန္ဒာမိုးမှာ သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ပြီး တရားခံများကို ပျဉ်းမနားခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။

တရားခံများအား ပျဉ်းမနားခရိုင်တရားရုံး၏ ရာဇဝတ်ကြီးမှုအမှတ် ၆၄/၂၀၂၄ ဖြင့် လက်ခံစစ်ဆေးပြီး တရားခံ(၁) မျိုးမင်းထွန်း၊ (၂) ဖြိုးသက်ပိုင်(ခ) ကိုဖြိုး၊ (၃) ရဲလင်းဦး(ခ) ရဲရဲ (ခ) ကိုရဲနှင့် (၄) ဖြိုးဝေလင်း(ခ) ကရင်တို့ လေးဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် သေဒဏ်၊ (၁)(၂)(၃) တရားခံတို့အား ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရ လည်းကောင်း၊ (၄) တရားခံသည် ရာဇသတ်ကြီး ပုဒ်မ ၃၉၄/၁၀၉ အရလည်းကောင်း ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ်အနှစ် ၂၀ စီ ကျခံစေရန် ပျဉ်းမနားခရိုင်တရားရုံးမှ ၂၀၂၅ ခုနှစ် ဇူလိုင် ၇ ရက်တွင် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လူသုံးကုန်အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



**လွိုင်လင် ဇူလိုင် ၁၆**
ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လူသုံးကုန်အမျိုးမျိုးထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ချိုခမ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြည်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွဋ်က သင်တန်းသားများအား သင်တန်းသုံးပစ္စည်းများ ပေးအပ်သည်။ သင်တန်းကို ၁၄ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **အယ်မင်း(လွိုင်လင်)**

## တောင်ကြီးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

**တောင်ကြီး ဇူလိုင် ၁၆**
တောင်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနှင့် ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်းဖြင့် ဝင်ငွေခွန်ပေးဆောင်သူများအား အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက်က စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဆန်းမြင့်ဦးက နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေရရှိရေးကို တည်ဆဲအခွန်ဥပဒေများနှင့်အညီ စည်းကြပ်ကောက်ခံရမည်ဖြစ်သည့်အတွက် အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အခွန်ပေးဆောင်မှုလုပ်ငန်းစဉ်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးသည်။ **ခရိုင်(ပြန်/ဆက်)**



# တနင်္သာရီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ကော့သောင်းမြို့၌ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ

**ကော့သောင်း ဇူလိုင် ၁၆**

တနင်္သာရီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်သည် ကော့သောင်းခရိုင်နှင့် မြို့နယ်ပညာရေးမှူးများနှင့် တာဝန် ရှိသူများ၊ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲကို ယမန်နေ့က ကော့သောင်းမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ ဆောင်ရွက်သည်။ (ယာပုံ)



တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာသက်သက်သာမဟုတ်ဘဲ အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးသည့်စိတ်၊ နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးရန်လည်း လိုအပ်ပြီး စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းရှိအောင် သင်ကြားပေးသည့် နေရာဖြစ်ရန် လိုအပ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား အခြေခံပညာပြီးဆုံးသည်အထိ သင်ယူတတ်မြောက်၍ တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်ပြီး အကျင့်စာရိတ္တကောင်းမွန်၍ ဗလငါးတန်နှင့် ပြည့်စုံသည့် နိုင်ငံသားကောင်း၊ သမီးကောင်းများဖြစ်လာစေရန်နှင့် ယဉ်ကျေးပျူငှာစွာ ပြုမူပြောဆို နေထိုင်တတ်ကြစေရန် ဆုံးမပေးရမည်ဖြစ်ကြောင်း၊ အားကစားနှင့် ကာယပညာလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အားကစားစိတ်ဓာတ်ဖွံ့ဖြိုးလာစေရန်၊ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများရရှိစေရန် ကျောင်းသား ကျောင်းသူများ စာပေပညာကို သာမက အသက်အရွယ်နှင့် ကိုက်ညီသည့် ဗဟုသုတများရရှိစေရေးအတွက် ပြင်ပစာပေများကိုလည်း စာကြည့်တိုက်များတွင် ရှာဖွေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိကြစေရေး လေ့ကျင့်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပုသိမ်မြို့၌ ကူညီကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ပုသိမ် ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက အမှတ်(၂) ရပ်ကွက် အမှတ်(၁) ဇောတံတား၌ ဆောင်ရွက်သည်။

မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ထွဋ် ဦးဆောင်၍ ဘေးစီမံဝန်ထမ်းများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပြည်သူများအား သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ အသက်ကယ်အင်္ကျီ (Life Jack) များ လက်တွေ့ဝတ်ဆင်ပြသပေးခြင်း၊ သင်္ဘောအတွင်း ပိတ်မိနေသော ဒဏ်ရာရရှိသူအား ကယ်ထုတ်ပေးခြင်း၊ ရေနစ်နေသော ပြည်သူအား ကယ်ဆယ်ခြင်းများကို သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# လယ်ဝေးမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**လယ်ဝေး ဇူလိုင် ၁၆**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှ အခွန်ထမ်းပြည်သူများအား ပြေစာအမှတ်တံဆိပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရက အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်အခွန်ဦးစီးမှူး ဦးထွန်းလင်းထွဋ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲဥပဒေများအရ လိုက်နာ ဆောင်ရွက်သွားမည့် ကိစ္စနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းဖြေ၏။**

# ကျိုင်းတုံမြို့၌ မျိုးစေ့နှင့် ဓာတ်မြေသြဇာများ ပေးအပ်ပွဲကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၁၆**

ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ပံ့ပိုးပေးသည့် ၂၀၂၅ - ၂၀၂၆ ခုနှစ် မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြကွက်များအတွက် မျိုးစေ့နှင့် ဓာတ်မြေသြဇာများ ပေးအပ်ပွဲကို ဇူလိုင် ၁၆ ရက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်(၂) ဦးမင်းညိုတို့က အမှာစကား ပြောကြားပြီး ပြည်နယ် (အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူး ဦးလှဝင်းက မျိုးစေ့၊ ဓာတ်မြေသြဇာနှင့် မျိုးစေ့ချကိရိယာများ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးတင်လင်းနှင့် တာဝန်ရှိသူများက ပြည်နယ်အစိုးရအဖွဲ့က ပံ့ပိုးပေးသည့် မျိုးစေ့ထုတ်စိုက်ခင်းနှင့် တောင်သူပညာပေး စံပြကွက်များအတွက် ကျိုင်းတုံမြို့နယ်မှ တောင်သူများအား မျိုးစေ့၊ ဓာတ်မြေသြဇာနှင့် မျိုးစေ့ချကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

အောင်ဇင်မြင့်(ပြန်/ဆက်)

# အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇူလိုင် ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ တတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၁-၇-၂၀၂၅ ရက်မှ ၂၉-၈-၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည် -

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ် - ၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ် (၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ် -၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂ - ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွှာင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရွှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## မိတ္ထီလာ၌ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ



**မိတ္ထီလာ ဇူလိုင် ၁၆**
နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာမြို့သို့ လာရောက်သည့် ခရီးစဉ်အတွင်း လမ်းညွှန် မှာကြားချက်များ ထပ်ဆင့်ရှင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမှာစကားပြောကြားပြီး ဒေသထွက်တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်လျက်ရှိသည့် သိန်းမင်းအမှတ်တံဆိပ် ငရုတ်သီးမှုန့်လုပ်ငန်းရှင်နှင့် မိဘမေတ္တာဆန်စက် လုပ်ငန်းရှင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲ ခရီးစဉ်အတွင်း လမ်းညွှန် မှာကြားချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် တက္ကသိုလ်များမှ တာဝန်ရှိသူများ သိရှိအကောင်အထည်ဖော်နိုင်ရေး အတွက် ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## မက်မန်းမြို့၌ အမှိုက်ခွဲခြားမှုဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ

**မက်မန်း ဇူလိုင် ၁၆**
ရှမ်းပြည်နယ် ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ စွန့်ပစ်ပစ္စည်းအမျိုးအစား ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်း လက်တွေ့သရုပ်ပြခြင်းကို ယမန်နေ့က မက်မန်းမြို့ တြိဂံလမ်းဆုံ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးဝေယံထွန်းက စည်းကမ်းမဲ့အမှိုက်များ စွန့်ပစ်မှုမရှိစေရေးနှင့် အမှိုက်များခွဲခြား၍ စွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောသည်။

ဆက်လက်၍ တာဝန်ရှိသူများက စွန့်ပစ်ပစ္စည်း အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**အေဇက်ထွန်း(မက်မန်း)**



## ဒလမြို့နယ်၌ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

**ဒလ ဇူလိုင် ၁၆**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် အလယ်ကျောင်းတိုက်တွင် Bakery အမျိုးမျိုး စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ယမန်နေ့နံနက် ၈ နာရီက ဖွင့်လှစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ဒလမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးရွှေလှိုင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ သန်လျင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဇင်အေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ပေါင်မုန့်၊ ကိတ်မုန့်၊ ဘီစကွတ် အစရှိသည့် စားသောက်ကုန်များ ထုတ်လုပ်နည်းကို သင်တန်းနည်းပြများက လက်တွေ့ကျကျ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းအား ဇူလိုင် ၁၅ ရက်မှစ၍ နှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းသို့ ဒလမြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ အိမ်တွင်းမှုလုပ်ငန်းလုပ်ကိုင်သူများ စုစုပေါင်း ၁၅ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။



**ဝေနိုင်ထွန်း(ပြန်/ ဆက်)**

## ဖျာပုံမြို့၌ အခွန်ဆိုင်ရာ အသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းစစ်ဆေး

**ဖျာပုံ ဇူလိုင် ၁၆**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သီဟ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင်အခွန်ဆောင်ပါ” ဟူသောကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ချိတ်ဆွဲထားရှိမှု ရှိ/ မရှိကို လိုက်လံကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## အင်းစိန်ဆေးဝါးစက်ရုံ ငွေစုငွေချေးသမအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ



**ရန်ကုန် ဇူလိုင် ၁၆**
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ဆေးဝါးစက်ရုံ (အင်းစိန်) ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့နံနက်က အဆိုပါစက်ရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌဦးသိန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးမှူး ဦးစိုင်းဝင်းထွန်းက အသင်းသားများ၏ သက်သာချောင်ချိရေးဆိုင်ရာများ ဆွေးနွေးသည်။

ထို့နောက် အမှုဆောင် ဒါရိုက်တာ ဦးစန်းမြင့်က အမှုဆောင်အဖွဲ့ အစီရင်ခံစာကို ဖတ်ကြားပြီး အသင်းသား ၁၁၀၆ ဦးအတွက် စုဆောင်းငွေအပေါ် အတိုး ၅၆၅၈၈၃၃ ဒသမ ၉၉ ကျပ်နှင့် အစုအပေါ် ချီးမြှင့်ငွေ ကျပ် ၈၇၇၆၀၀၀ ကို ခွဲဝေပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့၌ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသင်တန်းဖွင့်

**ပြင်ဦးလွင် ဇူလိုင် ၁၆**
စိုက်ပျိုးရေးဦးစီးဌာန လက်အောက်ရှိ ကော်ဖီ - ရာသီသီးနှံဌာနခွဲမှ ယခုဘဏ္ဍာရေးနှစ်တွင် တတိယအကြိမ်မြောက်အဖြစ် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၄ ရက်က မြန်မာ - ခါနန် တောင်သူလယ်သမား နည်းပညာဖွံ့ဖြိုးမှုလေ့ကျင့်ရေးသင်တန်းကျောင်း (ဒိုးကွင်း)၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဖုန်းမောင်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြများနှင့် သင်တန်းသားများအား မိတ်ဆက်သည်။ သင်တန်းကို ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ သင်ကြားပေးမည်ဖြစ်သည်။



သင်တန်းတွင် ကော်ဖီပင်နှင့် အရိပ်ပင်စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်း၊ ကော်ဖီသီး ခူးဆွတ်ခြင်း၊ ကြိတ်ခွဲထုတ်လုပ်ခြင်းနှင့် သိုလှောင်ခြင်း၊ မြေယာဥပဒေအကြောင်း၊ ကော်ဖီပင် ပုံသွင်းပြုပြင်ခြင်း၊ ကော်ဖီပင်စည်ထိုးပိုးသဘာဝနှင့် ကာကွယ်နှိမ်နင်းခြင်း၊ ကော်ဖီ၌ ကျရောက်တတ်သည့် ရောဂါများနှင့် ကာကွယ်ခြင်း၊ ရှိဘတ်စတာကော်ဖီ စိုက်ပျိုးထုတ်လုပ်ခြင်း စသည့် အကြောင်းအရာများကို သင်ကြားပေးလျက်ရှိပြီး သင်တန်းသား ၂၈ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
## တနင်္သာရီတိုင်းဒေသကြီးရုံး၊မြိတ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအတွင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မုတ်ခွံဝယ်ယူလိုသူ လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**(က) မုတ်ခွံ(ခွဲသတ်/ရေသေ/Saibo)ရောရာများရောင်းချခြင်း (တင်ဒါအမှတ်- ၁၊ တင်ဒါအမှတ်-၂)**

၂။ (က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** -၁၇-၇-၂၀၂၅ ရက်မှစ၍ ရုံးချိန်အတွင်း

( ခ) **တင်ဒါအမှတ်(၁)ပိတ်မည့် ရက်နှင့် အချိန်** -၃၁-၇-၂၀၂၅ ရက် (၀၉:၀၀)နာရီ ထိ

( ဂ) **တင်ဒါအမှတ်(၂)ပိတ်မည့် ရက်နှင့် အချိန်** -၃၁-၇-၂၀၂၅ ရက် (၁၀:၃၀)နာရီထိ

(ဃ) **တင်ဒါအမှတ်(၁)စိစစ်ရွေးချယ်မည့်ရက်နှင့် အချိန်** -၃၁-၇-၂၀၂၅ရက် (၀၉:၃၀)နာရီ

( င) **တင်ဒါအမှတ်(၂)စိစစ်ရွေးချယ်မည့်ရက်နှင့် အချိန်** -၃၁-၇-၂၀၂၅ရက် (၁၁:၀၀)နာရီ

( စ) **အိတ်ဖွင့်တင်ဒါများတင်သွင်းရမည့်နေရာ** -မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ အမှတ်(၁၀)၊ကမ်းနားလမ်း၊ မြိတ်မြို့၊ ဖုန်း- ၀၉-၈၇၆၁၄၁၁၊ ၀၉-၄၂၉၉၀၂၀၅၃

(ဆ) **အိတ်ဖွင့်တင်ဒါများ စိစစ်ရွေးချယ်မည့်နေရာ** -မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း တနင်္သာရီတိုင်းဒေသကြီးရုံး၊ အမှတ်(၁၀)၊ ကမ်းနားလမ်း၊ မြိတ်မြို့

၃။ မုတ်ခွံများကြည့်ရှုရန်နှင့် တင်ဒါများနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ အမှတ်(၁၀)၊ ကမ်းနားလမ်း၊ မြိတ်မြို့၊ ဖုန်း-၀၉-၈၇၆၁၄၁၁၊ ၀၉-၄၂၉၉၀၂၀၅၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါဗဟိုကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/73064 Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြစိုး ၉/ပသက(နိုင်)၀၈၆၅၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/55380 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ပြုံးထိုက် ၉/အမဇ(နိုင်) ၀၀၉၁၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/25705 Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဆိုက် ၁၃/ကတန(နိုင်) ၁၂၃၁၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/72864 New Star 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်လတ် ၉/မဟမ(နိုင်) ၀၅၁၁၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၇)၊ ၁၇-ကွက်၊ အုတ်စက်ကွင်းရပ်၊ အိမ်အမှတ်(၃)နေ (ဘ)ဦးဗျက်ဆန်းငါး၏ သားဖြစ်သူ ဦးကျော်ဝင်း ၉/မမန(နိုင်)၀၃၃၂၈၂ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၉၆၇၆၄၁၄၁၄

## ပျောက်ဆုံးကြောင်း

မရွှေဇင်ထွန်း (ဘ)ဦးတင်ထွန်း ၁၂/သကတ(နိုင်)၁၇၉၇၃၉ ၏ Passport နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ် အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၂၇၁၄၂၂

## ပျောက်ဆုံးကြောင်း

မဝသန်မိုး (ဘ) ဦးမင်းမင်းလတ် ၁၂/သကတ(နိုင်)၂၁၂၉၅၂၏ Passport No. YGN-17-304383သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ် အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၂၇၁၄၂၂

## ဖခင်အမည်မှန်

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ အ.ထ.က Grade-12 မှ မစုမွန်သက်၏ ဖခင် အမည်မှန်မှာ ဦးသိန်းအောင် ၁၃/ရငန(နိုင်)၀၀၆၀၅၃ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 52W/97593, Honda Wave 100၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နီယု ၁၃/တကန(နိုင်) ၂၁၄၀၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7R/3929 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅ )
## တာချီလိတ်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈

ဒေါ်နန်းဖောင်းနွန်း **နှင့်** ၁။ ဒေါ်အီအွဲ့
၂။ ဒေါ်အီရှဲန်ဟိန်း
၃။ ဦးအိုက်ရီအဲန်

**တရားလို** **တရားပြိုင်များ**

(ဟခ/၁၃၄) ဟိုခိုမိုင်ကျေးရွာ၊ ဖန်မင်အုပ်စု၊ တာချီလိတ်မြို့နေ (၁)တရားပြိုင် ဒေါ်အီအွဲ့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်နန်းဖောင်းနွန်းက ချေးငွေထိုင်း ဘတ်ငွေ(၃၅)သိန်းနှင့်ညီမျှသော မြန်မာကျပ်ငွေသိန်း(၄၆၀၀)ကို နစ်နာကြေးငွေ ကျပ်သိန်း(၃၁၀၀)နှင့်တကွ(သို့မဟုတ်) ချေးငွေအပေါ် သတ်မှတ်ထားသည့်ရက်များမှစ၍ ဒီကရီအပြေအကျေပေးဆပ်သည့်ရက်အထိ အတိုးနှုန်းတစ်ရပ်နှင့်တကွ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ် တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ထွန်းနိုင်ထွေး )**
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/91171 Honda Scoopyi 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးဖြိုးဝေ ၁၄/ကလန(နိုင်) ၁၇၄၃၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/76476 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေအောင် ၉/အမဇ(နိုင်) ၀၄၆၇၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၆၈

၁။ ဒေါ်သန်းသန်းဆွေ **နှင့်** ဒေါ်ဌေးဌေးကြည်
၂။ ဦးကျော်ခိုင်
၃။ ဦးပြည့်စုံခိုင်

**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(နန-၁၀)၊ ဦးပိုင်(၈၃)၊ (ဇ) ရပ်ကွက်နေ ဒေါ်ဌေးဌေးကြည်(ဘ) ဦးသာမင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားပြိုင် ဒေါ်ဌေးဌေးကြည် သင့်အပေါ်၌ တရားလို ၁။ ဒေါ်သန်းသန်းဆွေ၊ ၂။ဦးကျော်ခိုင်၊ ၃။ ဦးပြည့်စုံခိုင်တို့က မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၄)၊ ဦးပိုင်အမှတ် (၃၆)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကအကျယ်အဝန်းရှိ ဒေါ်ဌေးဌေးကြည် အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင် လ ၂၈ ရက်(၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**( မျိုးမင်းထွန်း )**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀ )
## တာချီလိတ်ခရိုင် တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉

ဦးလီလောက်လင် **နှင့်** ဒေါ်အီလာခမ်း

**တရားလို** **တရားပြိုင်**

ဟွေလေလန်ကျေးရွာ၊ မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု၊ တာချီလိတ်မြို့နေ ဒေါ်အီလာခမ်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလီလောက်လင်က အရောင်းအဝယ် ကတိပဋိညာဉ်အတိုင်း လက်ကျန်ငွေ ကျပ်သိန်းသုံးသောင်း(၃၀၀၀၀၀၀၀၀၀) ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆုတ် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ထွန်းနိုင်ထွေး )**
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 59W/73064 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၊ သုခမင်္ဂလာရပ်ကွက်၊ ကွင်းအမှတ်(၄၉၈)သစ်ချိုကုန်း၊ ဦးပိုင်(၂/၂၃၄+၂၅၅)၊ ဦးလှထွန်း အမည်ပေါက် ဂရန်မူရင်း၊ ဒေါ်ခင်လေးကြည် အမည်ပေါက် ငွေသွင်းမူရင်း၊ ဦးမျိုးတင့် အမည်ပေါက် စလစ်မူရင်း၊ (၁၀၅)မူရင်း၊ ဆက်စပ်စာချုပ်များ၊ ဧရိယာပေ (၃၀x၈၀)ပေ မြေနှင့် ရေ၊ မီးမီတာ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသည့် ဦးညွန့်ဝေ ၉/မရမ(နိုင်)၀၆၈၆၄၁ ထံမှ ဦးဌေးကို ၅/ဝလန(နိုင်)၀၃၈၆၈၃မှ ဝယ်ယူရန်အတွက် စရန်ငွေကျပ်-၁၀၀,၀၀၀၀၀/- (ငွေကျပ်သိန်းတစ်ရာတိတိ)ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံမှ တစ်ဆင့်ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ဦးဌေးကို၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်မို့မို့ဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၁)**
**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့၊**
**ဖုန်း-၀၉-၄၅၆၀၀၀၂၅၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၆၇

၁။ ဒေါ်သန်းသန်းဆွေ **နှင့်** ဒေါ်ခင်လှလှ
၂။ ဦးကျော်ခိုင်
၃။ ဦးပြည့်စုံခိုင်

**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဓဓ-၁၇)၊ ဦးပိုင်အမှတ်-၃၄ နေ ဒေါ်ခင်လှလှ(ဘ)ဦးထိုင်ဘော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်ခင်လှလှ သင့်အပေါ်၌ တရားလိုများဖြစ်သည့် ဒေါ်သန်းသန်းဆွေ၊ ဦးကျော်ခိုင်၊ ဦးပြည့်စုံခိုင်တို့က မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက် ၊ အကွက်အမှတ် (လလ-၁၄)၊ ဦးပိုင်အမှတ် (၃၁) ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကရှိ ဒေါ်ခင်လှလှ အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်၊

**(အင်ကြင်းဖူး)**
**တွဲဖက်မြို့နယ်တရားသူကြီး( ၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၇၉

ဒေါ်ကေသီဝင်းရွှေ **နှင့်** ဒေါက်တာထွန်းရွှေ
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(ဓေ-၉)၊ ဦးပိုင်(၁၃)၊ (ဆ)ရပ်ကွက်နေ ဒေါက်တာထွန်းရွှေ(ဘ)ဦးစိန်တင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါက်တာထွန်းရွှေ သင့်အပေါ်၌ တရားလို ဒေါ်ကေသီဝင်းရွှေက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ-ရတနာပုံ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၂၇)၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ကေအကျယ်အဝန်းရှိ ဒေါက်တာထွန်းရွှေ အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင် လ ၂၈ ရက်၊ (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။သင်ကထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**( မျိုးမင်းထွန်း )**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ် (RA-IV- ကွက်ပြင်ရပ်)၊ ဦးပိုင်အမှတ်(၅၈-က)၊ မြေဧရိယာ ၀ ဒသမ ၁၉၅ ဧက အကျယ်အဝန်းရှိ ဦးကျော်ထူးစိန်၊ (ဇနီး)ဒေါ်မိုးဇီဝါ အမည်ပေါက် ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ နံကပ်(၁)ထပ်တိုက်အဆောက်အအုံ ရေ+မီး (ဆက်လက်သုံးစွဲခွင့်) အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်အရပ် အားလုံးတို့မှာ ရောင်းချသူ ဒေါ်ကြည်ပြာအေး (ဘ) ဦးရဲမြင့် ၁၂/ဒပန(နိုင်) ၀၃၃၇၅၃ မှ မြေအမည်ပေါက်သူ ဦးကျော်ထူးစိန်၊ (ဇနီး)ဒေါ်မိုးဇီဝါတို့ထံမှ ပြင်ဦးလွင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်စာချုပ် အမှတ်(၁၅၇/၂၀၂၄) ၇- ၃-၂၀၂၄ အရ တရားဝင်ဝယ်ယူနေထိုင်ပိုင်ဆိုင် အသုံးပြုလျက်ရှိပြီး ၎င်းမှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဂရန် မြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်နေ့ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးဟန်ထွန်းအောင် LL.B** | **ဒေါ်ကေဇင်နိုင် LL.B** |
| **(အထက်တန်းရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |
| **စဉ် -၅၄၇၅၅** | **စဉ်-၅၄၆၁၉** |

**အမှတ်(၁၄-ဏ)၊ ၁၂လမ်း၊ ၈၆x၈၇လမ်းကြား၊ အောင်မြေသာစံမြို့နယ်**
**မန္တလေးမြို့၊ ဖုန်း-၀၉-၂၀၁၉၁၆၀၊ ၀၉-၇၆၃၇၃၂၇၅၉၊ ၀၉-၇၆၇၆၇၈၇၃၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဓဓ-၂၅)၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ(၀ဒသမ၀၅၅၁)ကေ အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် တကကစန်းအောင် အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ တကကစန်းအောင်ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဟန်ဇော်ထွန်း အရောင်းအဝယ်အရပ်ကတိစာချုပ် ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် အချိန်မရွေးချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့်ရက်မှစပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ အကယ်၍ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း တကကစန်းအောင်နှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်မြင့် LL.B (Advocate )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၇၅)**
**၆၅x၆၆လမ်းကြား၊ ရေနီမြောင်းလမ်း၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့**
**ဖုန်း-၀၉ - ၄၀၂၅၉၆၅၅၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်၊ ကွင်းအမှတ်(၃၁၊ ကချင်စုရပ်)၊ ဦးပိုင် အမှတ် (၄၆/က)၊ မြေဧရိယာ ၀ ဒသမ ၅၂၉ကေရှိမြေကွက်သည် မူလကဦးတွမ်ဆိုင်းဟု အမည်ဖြင့် ၁၄-၁၂-၂၀၄၄ ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဦးတွမ်စိုင်းဟု(ခ)ဦးတွမ်ဆိုင်းဟုထံမှ ဦးပိုင် (၄၆/က-၂)၊ မြေဧရိယာ ၀ ဒသမ ၁၀၅ကေအပိုင်းကို TWAN SENG SEINက ၁၈-၂-၂၀၂၅ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၀၇၀/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ TWAN SENG SEIN ၁/မကန(ပြု)၀၀၁၇၆၁အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးအိုက်ရှန်၏သမီး ကျွန်မ နန်းဆွန် ၁၃/တခလ(နိုင်)၀၃၉၄၈၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၅၄၆၆၅၆၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 15W/99958 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/13883 Honda Click ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်နန်းကျဲန်ရှန် ၁၃/တခလ(နိုင်) ၀၀၆၂၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 70W/47763 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇေခန့်ဇော် ၁၄/ဟသတ(နိုင်) ၃၁၉၈၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2S/5506 Hongqi HS5, Station Wagon (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟေမာစိန်လင်း ၉/ခအဇ(နိုင်)၀၁၇၉၈၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/50348 WANQIANG 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမြင့် ၉/မဟမ(နိုင်) ၀၄၁၂၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်း/သစ်မာ (သစ်လုံး/ခွဲသား)များကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) **ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**
ကျွန်းသစ်လုံး(ရန်ကုန်) (၃၅၀)တန်ခန့်၊သစ်မာသစ်လုံး (**နယ်**) (၁၂၅၀)တန်ခန့် နှင့် ကျွန်းခွဲသား(၈၀)တန်ခန့်

(ခ ) **သစ်အခြေခံစက်မှုလုပ်ငန်းဌာန**
ကျွန်းခွဲသား ( ၂၉၀ )တန်ခန့်

(ဂ ) **ရောင်းချမည့်ရက်နှင့်အချိန်** - (၆-၈-၂၀၂၅)ရက်၊ နံနက်(၉:၀၀)နာရီ

(ဃ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ (တင်ဒါ ကျင်းပမည့်ရက် ပြောင်းလဲမှု ရှိပါက ထပ်မံအကြောင်းကြားပါမည်။)

၂။ MSMEs လုပ်ငန်းရှင်များ အနေဖြင့် လိုအပ်သော ကုန်ကြမ်းများအား ဝင်ရောက်ယှဉ်ပြိုင် ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် web-site ဖြစ်သော www.mte.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဆက်သွယ်ရန်ဖုန်း-၀၁-၂၈၇၄၃၀၊ ၀၁-၅၂၈၇၇၁၊ ၀၁-၅၂၈၇၆၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ် (FMI City)၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ် (၈၂)၊ အကျယ်အဝန်းအားဖြင့် အလျားပေ (၇၉/၈၁) x အနံပေ (၈၀.၆/၈၁) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၈၂)၊ စိမ်းလဲ့ကန်သာလမ်း၊ (၄) ရပ်ကွက်၊ (FMI City)၊ လှိုင်သာယာမြို့နယ်ဟု ခေါ်တွင်သော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သန္တာခိုင် ၁၂/ဗဟန(နိုင်) ၀၂၅၈၁၆ က ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင် လက်ဝယ်ရှိသည့်အပြင် တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်ပိုင်ဆိုင်မှုဆိုင်ရာ အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိပါကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဇာနည်ထွန်း ၉/ကပတ(နိုင်)၁၄၁၆၂၀ က အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုဆိုင်ရာ စာချုပ်စာတမ်း(မူရင်း)အထောက်အထား ခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်မိုး (LL.B), (D.B.L)** | **ဦးနိုင်ဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၁၇)** | **အထက်တန်းရှေ့နေ (စဉ်-၅၀၀၉၈)** |

**အမှတ်(၂၄)၊ (၆)လွှာ၊ စမ်းချောင်းလမ်း၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၆၀၆၁၀၁၃၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်(Star City) အိမ်ရာ၊ ကြယ်စင်အိမ်ရာစီမံကိန်းအတွင်းရှိ Estella Townhouse၊ မြေနှင့် အဆောက်အအုံအမှတ်-(၉၂)၊ လမ်းအမည်- Lane 3၊ ခန့်မှန်းမြေဧရိယာ (၁၂၁၀) စတုရန်းပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသည့် ခန့်မှန်းအဆောက်အအုံ ဧရိယာ(၁၂၇၇)စတုရန်းပေရှိ (၂)ထပ်နေအိမ်အဆောက်အအုံ၊ ယင်းတို့နှင့်ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်ခင်သီတာအောင် ၁၂/သဃက (နိုင်)၀၀၃၇၃၀ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်အေးမြတ်မွန်၊ ဦးလှမွန်**

**၁၂/မရက(နိုင်)၁၁၇၀၁၇၊ ၁၂/မရက(နိုင်)၀၈၁၀၃၁**
**ဖုန်း-၀၉-၅၁၇၄၁၄၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၃၃၀၈၂ Honda CBR 150 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြတ်နိုးဦး ၉/ခအဇ(နိုင်) ၀၃၉၀၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/36166 Shayan 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသီဟ ၉/ခမစ(နိုင်)၀၉၄၂၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ )
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၄၈၀

BNK Capital Myanmar Co.Ltd **နှင့်** ၁။ ဒေါ်သန်းသန်းလှ
၂။ ဒေါ်သင်းသင်းမြတ်
၃။ ဒေါ်နီလာအေး(ခ)ရတနာအေး
၄။ ဒေါ်သန်းကြည်
၅။ ဒေါ်သန္တာထွန်း
၆။ ဒေါ်သန်းချစ်
၇။ ဒေါ်ခင်လေးကြည်
၈။ ဒေါ်သန္တာအေး

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

မွန်ပြည်နယ်တရားလွှတ်တော်၏ တရားမဒုတိယအယူခံမှုအမှတ် ၄၀/၂၀၂၄ ၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်စွဲပါ ဒီကရီကို ပြင်ဆင်မှု လျှောက်လွှာနှင့် ပတ်သက်၍ ကျိုက်မရောမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ပတ္တမြားလမ်း(ယခုလိပ်စာမသိ)နေ အမှတ်(၅) လျှောက်ထားခံရသူ ဒေါ်သန္တာထွန်းနှင့် အမှတ်(၈)လျှောက်ထားခံရသူ ဒေါ်သန္တာအေးတို့ သိစေရမည်။

ဤအမှုတွင် မွန်ပြည်နယ်တရားလွှတ်တော်၏ ဒီကရီကို ပြင်ဆင်မှု လျှောက်လွှာ တစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်မေသူမြင့်ဆွေက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက် နံနက်(၁၀)နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင်တို့ အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **( ထွန်းမျိုးဌေး )**

**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/အနော်မာ၊ မြေကွက်အမှတ်-၅၉/ခ၊ ဧရိယာ(၂၀ပေx၆၀ပေ)။ မြေကွက်တည်နေရာအမှတ်-၅၉/ခ၊ အနော်မာလမ်းမကြီး၊ ၁/အနော်မာ ရပ်ကွက်၊ သာကေတ မြို့နယ်၊ ဦးခင်မောင် (CJ-026019) အမည်ပေါက် နှစ်(၆၀)မြေကွက်အား အမည်ပေါက် ဦးခင်မောင်(ဖခင်)နှင့် ဒေါ်ရွှေ (မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်ခင်အုန်းမြင့် ၁၂/သကတ(နိုင်)၀၄၈၅၉၀၊ ဦးသက်နိုင် ၁၂/သကတ(နိုင်)၀၄၉၁၅၂ တို့မှ အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိတို့(၂)ဦး တည်းသာလျှင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မြေစာရင်းမှတ်ချက် (၁)အရ (၂၀၁၄)ခုနှစ်တွင် ဦးခင်မောင်မှ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ခဲ့ခြင်းနှင့် ပတ်သက်၍ ၄-၁၁-၂၀၁၄ ရက်တွင် ဘဏ်ချေးရန် မြေပုံလျှောက်ထားထုတ်ယူခဲ့ပါကြောင်း၊ ယင်းဘဏ်ချေးမြေပုံသည် အထားအသိုမှားယွင်း၍ အမှန်တကယ် ပျောက်ဆုံးသွားခဲ့ပါကြောင်း ၆-၆-၂၀၂၅ ရက်စွဲပါ ဝန်ခံကတိပြုတင်ပြစာ ၂-၆-၂၀၂၅ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးခင်မောင် (ဖခင်)၏ သေဆုံးမှုလက်မှတ် ဒေါ်ရွှေ(မိခင်)၏ သေဆုံးမှုလက်မှတ် ပထမမိတ္တူမှန်အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်း တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဟင်္သာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဦးယျာဉ်ကြီးမြောက်ရပ်၊ ဦးပိုင်အမှတ် (၂၂၅)၊ ဧရိယာ ၀ ဒသမ ၀၂၇ ကေရှိ ဦးကြည်စိုးအမည်ဖြင့် ၈-၈-၁၉၉၅ ရက်မှ ၇-၈-၂၀၂၅ ရက်အထိ နှစ် (၃၀)မြေငှားဂရန်ရရှိထားသော မြေကို ဦးကြည်စိုးက လူနေအိမ်အသုံးပြုရန်အတွက် မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လက်ထောက်ကော်လိတ္တော်အရာရှိ**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့**

## မွေးသက္ကရာဇ်အမှန်ကြော်ငြာခြင်း

ဦးရဲပြည့်လင်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြား နှင့် အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ(၆၆/၆)တွင် မွေးသက္ကရာဇ်အား (၃-၇-၂၀၀၃) ဟူ၍ ဖော်ပြထားပြီး၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်တွင် (၃-၅-၂၀၀၃) ဟူ၍ ရေးသားဖော်ပြထားရှိပါသည်။ ကျွန်တော်၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်တွင် ဖော်ပြထားသည့် (၃-၅-၂၀၀၃) အမှန်ဖြစ်ပါသည်။ **ဦးရဲပြည့်လင်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/9742 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၃၂၄၇၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၇၇၂၉၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## ဖြန့်ဖြူးသူပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Nippon Kayaku Co., Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါဆေးအား ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Arysta LifeScience Co.,Ltd မှ Titan Agro Science Co.,Ltd သို့ ဖြန့်ဖြူးသူအမည် ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်-

| No. | Brand Name | Active Ingredients | Registration No. |
|---|---|---|---|
| 1. | Evisect S 50% SP | Thiocyclam Hydrogen Oxalate 50% SP | F 2022–2210 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Myanmar Arysta LifeScience Co.,Ltd.**

**Suite # 09 – 02, Crystal Tower, Kyun Taw Road, Kamayut Township, Yangon**

ဖုန်း-၀၁-၉၃၃၉၃၅၉၊ ၉၃၃၉၃၆၀

## ဖြန့်ဖြူးသူပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Kumiai Chemical Industry Co.,Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါဆေးအား ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Arysta LifeScience Co.,Ltd. မှ Titan Agro Science Co.,Ltd သို့ ဖြန့်ဖြူးသူအမည် ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချသွားမည် ဖြစ်ပါသည်-

| No. | Brand Name | Active Ingredients | Registration No. |
|---|---|---|---|
| 1. | Nominee Gold 100 OF | Bispyribac – sodium 10% OF (w/v) | F 2015 – 848 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Myanmar Arysta LifeScience Co.,Ltd.**

**Suite # 09 – 02, Crystal Tower, Kyun Taw Road, Kamayut Township, Yangon**

ဖုန်း-၀၁-၉၃၃၉၃၅၉၊ ၉၃၃၉၃၆၀

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၂၉-ဘီ-၈)၊ ကံ့ကော်(၁)လမ်း၊ အမှတ်(၁၅)၊ ပေ(၂၀ x ၆၀) မြေကွက်အား ဦးကျော်သူစိုး ၇/အတန(နိုင်)၀၈၁၄၉၃ မှ အဆက်စပ်စာချုပ်များဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူအား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီခဲ့ပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ရောင်းချထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပေါင်ကပ်ခိုင် ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူခိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၀၆၈၉)**
**အမှတ်(၃၁၀)၊ စကားဝါ(၂)လမ်း၊ (ဋ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉ ၄၂၁၁၅၈၅၅၆၊ ၀၉-၂၅၅၅၅၈၆၉၀**

## CNG ကတ် အနီရောင်ပျောက်ဆုံး

ကျွန်တော် ဦးသီဟတင် ၁၂/ပဇတ(နိုင်)၀၃၂၆၃၀ အမည်ပေါက်ပိုင်ဆိုင်သော 2C/1128 ကား၏ CNG သက်တမ်းတိုးကတ် အနီရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၉၂၂၉၁၀

## ဖခင်အမည်မှန်

မိုးညှင်းမြို့၊ အထက(ခွဲ) ပင်းဟဲ၊ Grade – 12 မှ မစိုးပြည့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမိုးမင်းအောင် ၅/ကလတ(နိုင်)၀၇၄၀၆၉ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

မိုးညှင်းမြို့၊ အထက(ခွဲ) နားခါ၊ Grade–11 မှ မအိအိမွန်၏ မိဘအမည်မှန်မှာ ဦးဇော်မင်း ၁/မညန(နိုင်)၀၈၉၈၂၂ နှင့် ဒေါ်တင်ထွေး ၁/မညန(နိုင်)၀၉၈၀၃၅ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာအုပ်စု၊ အောင်မေတ္တာ(ခ)ရပ်ကွက်၊ (၁၀)လမ်း၊ မြေကွက် အမှတ်-၃၇၃ ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၀၉၇ဧက အကျယ်အဝန်းရှိ အိမ်ဝိုင်းမြေကွက်မှာ ကျွန်တော်၏ မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်အေး ၈/မလန(နိုင်)၁၈၂၇၂၄ အမည်ပေါက် နှစ်(၃၀) သက်တမ်းရှိ မြေငှားဂရန်ရရှိထားသော အိမ်ဝိုင်းမြေကွက်ဖြစ်ပြီး အဆိုပါ အိမ်ဝိုင်းမြေကွက်ကို ယခုအခါတွင် ဂရန်သက်တမ်းတိုးခြင်း/ခွဲစိတ်မှု/ အမည်ပြောင်းမှုများ ပြုလုပ်မည်ဖြစ်ပါသောကြောင့် အိမ်ဝိုင်းမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုမှုများပြုလုပ်လိုပါက အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစတင်ပြီး ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုများမရှိပါက ဂရန်ခွဲစိတ်/ သက်တမ်းတိုး/ အမည်ပြောင်းခြင်းများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်အေး ၈/မလန(နိုင်)၁၈၂၇၂၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရဲထိုက်အောင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၁၇၁၅၅/၂၁)**
**အမှတ်(၆၄၅)၊ အဝေရာလမ်း၊ အောင်မေတ္တာ(ဃ)ရပ်၊ မကွေးမြို့**
**ဖုန်း-၀၉-၉၅၄၃၄၅၅၅၆**

## အမည်မှန်

ပြင်ဦးလွင်မြို့၊ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade – 12 မှ ( ဘ ) ဦးလင်းအောင် ၏သမီးဖြစ်သူ မငြိမ်းငြိမ်းထွန်း၏ အမည်မှန်မှာ မညိမ်းညိမ်းထွန်း ဖြစ်ပါသည်။

**မညိမ်းညိမ်းထွန်း**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြော်ငြာခြင်း

မုဒုံမြို့၊ မြို့မ (၄)၊ မြသန္တာလမ်း၊ အမှတ်(၂)နေ ဒေါ်အိဖြိုးလှိုင် (ဘ) ဦးရွှေလှိုင် ၁၀/မဒန(နိုင်)၁၆၈၂၄၂ နှင့် မုဒုံမြို့နယ်၊ တော်ကူးကျေးရွာ၊ ဗိုလ်ချုပ်လမ်းမတော်၊ အမှတ်(၉/၄၈)နေ ဦးသက်ဇင်လင်း (ဘ) ဦးဖေဝင်း ၁၀/မဒန(နိုင်) ၁၇၄၂၁၇ တို့သည် ၃၀-၅-၂၀၂၅ရက်က နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း သဘောတူကတိ စာချုပ်ဖြင့် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒအရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်အိဖြိုးလှိုင်** | **ဒေါ်မို့မို့ကေသီကျော် (LL.B)** |
| **၁၀/မဒန(နိုင်)၁၆၈၂၄၂** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၂၇၄၂/၁၅-၆-၂၀၁၇)** |
| | **အမှတ် (၅၉-ဘီ)၊ ဗိုလ်ချုပ်လမ်း၊** |
| | **ဘိုတဲရပ်၊ မြို့မ (၃)၊ မုဒုံမြို့၊** |
| | **ဖုန်း-၀၉-၄၅၉၆၇၁၈၈၉** |

## ရန်ကုန်အဝေးသင်တက္ကသိုလ် ဘွဲ့လွန်ဒီပလိုမာသင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် စီးပွားရေးပညာဌာနမှ ဦးစီး၍ Post Graduate Diploma in Business (PGDB) သင်တန်းကို Online ဖြင့် သင်ကြားပို့ချမည် ဖြစ်ပါသည်။

၂။ အဆိုပါ ဘွဲ့လွန်ဒီပလိုမာ သင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) သင်တန်းသို့ အစိုးရဌာနများနှင့် NGO များမှ ဘွဲ့ရအရာထမ်းများအပြင်၊ ပြင်ပပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၌ လုပ်ကိုင်နေသော ဘွဲ့ရပုဂ္ဂိုလ်များပါ လျှောက်ထားနိုင်သည်။

၃။ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်းသော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **စတင်ဖွင့်လှစ်မည့်ရက်** - ၁-၉-၂၀၂၅ ရက်

(ခ) **သင်တန်းကာလ** - ၁၀ လ

(ဂ) **လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၂၁-၇-၂၀၂၅ ရက်

(ဃ) **လျှောက်လွှာပိတ်မည့်ရက်** - ၃-၈-၂၀၂၅ ရက်

၄။ သင်တန်းလျှောက်လွှာများကို ရန်ကုန်အဝေးသင်တက္ကသိုလ်၏ https://ecohrd.yude.edu.mm website မှတစ်ဆင့် (၂၁-၇-၂၀၂၅)ရက် နံနက် (၉:၀၀) နာရီမှစ၍ လိုင်စင်ဓာတ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်နှင့် ဘွဲ့လက်မှတ် အထောက်အထားများ ပူးတွဲပြီး Online registration ပြုလုပ်၍ လျှောက်ထားနိုင်ပါသည်။

၅။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် သတ်မှတ်ဦးရေပြည့်ပါက register ပိတ်ပါမည်။ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံပြီး Online registration အောင်မြင်သူများအား email ဖြင့် အကြောင်းကြားပါမည်။

၆။ သင်တန်းနှင့်ပတ်သက်၍ ဖုန်း-၀၁-၇၅၂၅၈၂၄၊ ၀၉-၆၅၂၂၇၈၂၀၀ တို့သို့ ရုံးချိန်အတွင်း အသေးစိတ် မေးမြန်းစုံစမ်းနိုင်ပါသည်။

၇။ ဆက်သွယ်ရန်လိပ်စာမှာ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ စီးပွားရေးပညာဌာန၊ သထုံလမ်းတွင် ဆက်သွယ်နိုင်ပါသည်။

**သင်တန်းကြီးကြပ်မှုကော်မတီ**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**
**၄၇ (က)၊ အင်းယားလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

**YONTA MYANMAR Co.,Ltd.** မှ ဖြန့်ဖြူးရောင်းချသော အောက်ဖော်ပြပါ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးထုတ်ကုန်ကို **Uni Crop Co.,Ltd.** သို့ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါကယနေ့မှစ၍(၁၄)ရက်အတွင်းတွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်-

Uni Crop Co.,Ltd Ph : 09765665462

| No | Trade Name | Active Ingredient | Registration No |
|---|---|---|---|
| 1 | E–T Ace 75SP | Acephate 75%SP | F 2018–1490 |
| 2 | E–T Dimet 50WP | Dimethomorph 50WP | F 2021–3178 |

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန် (၄)လမ်း၊ အမှတ်(၁၆၅) ပထမထပ်နေ ဦးဝင်းကိုကို ၁၂/ဥကတ(နိုင်)၀၁၂၉၅၇၊ ဒေါ်ချိုချိုမာ ၁၂/ဥကတ(နိုင်)၀၁၂၉၇၀ တို့၏သမီး မအေးမြတ်မွန်(ခ)ပုံ့ပုံ့ ၁၂/ဥကတ(နိုင်)၁၉၃၂၅၇ သည် မိဘများ၏ဆိုဆုံးမမှုကို လုံးဝနာခံခြင်းမပြုဘဲ မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်ကို လုပ်ဆောင်ခဲ့သည့်အတွက် သွာနုတ္တသမီး ဖြစ်သွားခဲ့ပါသည်။ ထိုသွာနုတ္တသမီး မအေးမြတ်မွန် (ခ) ပုံ့ပုံ့၏ လုပ်ဆောင်ချက်များကြောင့် မိဘများအနေဖြင့် စိတ်အနှောင့်အယှက်များစွာဖြစ်ရပြီး မိသားစုအား အရှက်ရစေသည့်အပြင် မိသားစု၏ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေခြင်းကြောင့် ယနေ့မှစ၍ မအေးမြတ်မွန် (ခ) ပုံ့ပုံ့အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ မအေးမြတ်မွန်(ခ)ပုံ့ပုံ့နှင့် ပတ်သက်သော ကိစ္စရပ်များကို ဦးဝင်းကိုကိုနှင့် ဒေါ်ချိုချိုမာတို့က တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်းကိုလည်း သိစေအပ်ပါသည်။

**ဦးဝင်းကိုကို-ဒေါ်ချိုချိုမာ**
**အမှတ်(၁၆၅)၊ ရာဇသင်္ကြန်(၄)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22U/2990 Bajaj 200(205CC), T/W ယာဉ်လက်ဝယ်ရှိသူ ဦးတင်လင်းထွန်း ၈/ပခက(နိုင်)၂၀၂၂၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/29900 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကျော်မောင် ၇/ကဝန(နိုင်)၁၁၂၁၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၉၈၆၇၃ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသင်းဦး ၁၂/သကတ(နိုင်) ၁၂၉၉၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ လိပ်ပြာကန်ရပ်၊ အကွက်အမှတ်(၁၅-အီး)၊ ဦးပိုင်အမှတ်(၄၁ᵍ)၊ ဧရိယာ (၀ ဒသမ ၀၂၆) ဧကရှိ အရှေ့လားသော်- ဦးပိုင်အမှတ်-၄၁ᵈ၊ အနောက်လားသော်-ဦးပိုင်အမှတ်-၄၁ᵏ၊ တောင်လားသော် - ဦးပိုင်အမှတ်-၄၂ᵏ၊ မြောက်လားသော် - မှော်ကန်(၁)လမ်းမြေကို ဒေါ်မီမီသက်မှ ဘိုးဘပိုင်မြေကို အမည်ပြောင်းပေးရန် လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့် ၁၄-၈-၂၀၂၅ ရက် နောက်ဆုံးထား ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာန၊ ပဲခူးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀ )
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၈၃

| | |
|---|---|
| ရောဝတီဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (၎င်းကုမ္ပဏီကိုယ်စား မန်နေဂျာ ဦးတင့်လွင်ဦး) **နှင့်** | ၁။ ဒေါ်ယဉ်ယဉ်ဖြူ (ဘဏ်ခွဲ တာဝန်ခံ) |
| | ၂။ ဦးရဲဦး (၁-တရားပြိုင်၏ ခင်ပွန်း) |
| **(တရားလို)** | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်- ၃၆ (၆-လွှာ) နေ (၁)တရားပြိုင် ဒေါ်ယဉ်ယဉ်ဖြူ နှင့် (၂)တရားပြိုင် ဦးရဲဦး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "တရားလိုဘဏ် က အမှတ်(၁)တရားပြိုင်အပေါ် ယုံကြည်စွာဖြင့် ခန့်အပ်တာဝန်ပေးထားသော လုပ်ပိုင်ခွင့်များအပေါ် အမှတ်(၂)တရားပြိုင်နှင့်ပူးပေါင်းကာ မိမိကိုယ်ကျိုးအတွက် ၃၁၇၁၆၈၆၈၁၀.၄၅/- ကျပ်ကို အလွဲသုံးစားပြုခဲ့သဖြင့် တရားလိုဘဏ်က တရားပြိုင်များထံမှ နစ်နာကြေး ၃၁၇၁၆၈၆၈၁၀.၄၅/- ကျပ်ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အုန်းရီမြင့်)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ (၁)လမ်း၊ အမှတ်(၁၇) (အလျား ပေ၂၀ x အနံပေ၄၀) အကျယ်အဝန်းရှိသော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၃)ထပ်တိုက် အဆောက်အအုံ၏ မြေညီထပ် (အလျား၁၈ပေ x အနံ ပေ၄၀) အကျယ်အဝန်းရှိသော ရေမီးအစုံပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူခဲ့ကာ လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဒေါ်ဝင်းဝင်းရွှေ ၁၂/ဥကတ(နိုင်)၀၂၂၄၄၄ က ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်မြတ်လင်း ၉/မရတ(နိုင်)၁၁၃၇၀၃က အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဦးအောင်မြတ်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လဲ့လဲ့လှိုင် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၆၁)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၇၂၁၃၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၁၄၊ တပ်ကုန်းမြောက်)၊ ဦးပိုင်အမှတ်(၂၅၇/၁ခ)၊ မြေဧရိယာ ၀ ဒသမ ၂၁ဧကရှိမြေကွက်သည် မူလက ဦးလှကျော်မှ လက်ရှိထားနေထိုင်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး ဦးလှကျော်ထံမှ ဒေါ်ဂျာလဲန်က ၁၆-၇-၂၀၁၈ ရက်စွဲပါ နှစ်ဦးသဘောတူခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ဂျာလဲန်အမည်ဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်မှစ၍ မြေခွန်ပြေစာ အမည်ပေါက်ထွက်ရှိပြီးဖြစ်သဖြင့် ယခုအခါ ဒေါ်ဂျာလဲန် ၁/ကမန(နိုင်)၀၂၄၂၂၅ အမည်ဖြင့် မြေငှားဂရန် အသစ်ရရှိရေးအတွက် ၄-၆-၂၀၂၅ရက်စွဲပါ ကျမ်းကျိန်ဆိုလွှာအမှတ် (၃၈၁/၂၀၂၅)ကို ၅-၆-၂၀၂၅ရက်စွဲပါကျမ်းကျိန်ဆိုလွှာမှတ်ပုံတင်အမှတ်(၂၄၆/၂၀၂၅) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

❖ ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် ထုတ်ကုန်ဖြစ်ရန်လို...

❖ နိုင်ငံတော်မှ အရင်းအနှီးဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသည်ဖြစ်သဖြင့် တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ရနိုင်...

❖ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများဆွေးနွေး၍ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံစီးပွားမြှင့်တင်ရေးကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



တောင်ခမ်းအနီးရှိ ရန်သူ့စခန်းကုန်းအား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်

နေပြည်တော် ဇူလိုင် ၁၆

ပင်လယ်ရေမျက်နှာပြင်အထက် ၂၇၅၉ ပေတွင် တည်ရှိသည့် နောင်ချိုမြို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်အတွင်းတည်ရှိပြီး မြောက်ဘက်တွင် သပိတ်ကျင်းမြို့နယ်နှင့် မိုးကုတ်မြို့နယ်၊ အရှေ့ဘက်တွင် ကျောက်မဲမြို့နယ်၊ တောင်ဘက်တွင် ရပ်စောက်မြို့နယ်၊ အနောက်ဘက်တွင် ပြင်ဦးလွင်မြို့နယ်တို့ ဝန်းရံတည်ရှိ၍ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့၊ ကျောက်မဲမြို့၊ သီပေါမြို့နှင့် လားရှိုးမြို့များသို့ မန္တလေး - လားရှိုး လမ်းမကြီးနှင့် မီးရထားလမ်းများဖြင့် လည်းကောင်း၊ တောင်ကြီးမြို့သို့ အမှတ်(၄၃) ပြည်ထောင်စုလမ်းမကြီးဖြင့် လည်းကောင်း ဆက်သွယ်သွားလာနိုင်သည့်

*စာမျက်နှာ ၁၂ ကော်လံ ၁* ❖

## ကျိုက်ထိုမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



တရားခံ အောင်ကျော်ထွန်း၊ မကြေးမုံဝင်း၊ ကျော်မျိုးအောင်နှင့် မရွှေရည်တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁၆

ကျိုက်ထိုမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၈ ရက် ညနေ ၆ နာရီတွင် သတင်းအရ ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအနီး၌ မန္တလေးမြို့မှ မြဝတီမြို့သို့ အောင်ကျော်ထွန်း မောင်းနှင်ပြီး မကြေးမုံဝင်း၊ ကျော်မျိုးအောင်နှင့် မရွှေရည်တို့ လိုက်ပါလာသော SHN-38 EE-xxxx NISSAN AD VAN မော်တော်ယာဉ်အား ရှာဖွေရာ ငွေကျပ် ၁ ဒသမ ၂၈၃၆ ဘီလီယံတန်ဖိုးရှိ

*စာမျက်နှာ ၉ ကော်လံ ၅* ✳

## (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

နေပြည်တော် ဇူလိုင် ၁၆

၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၉ ရက် (စနေနေ့) (၇၈) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန/ရုံးအဆင့်ဆင့်သို့ ဆက်လက်အသိပေးညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရသည်။ သတင်းစဉ်


ယနေ့ *ဖတ် စ ရာ*

ရောဝတီမြစ်နှင့် စစ်တောင်းမြစ်တို့၏ မြစ်ရေကြီးမှု အခြေအနေ
ပြည်တွင်းသတင်း စာ ၈

ပါကစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၁၁၆ ဦးအထိရှိလာ
နိုင်ငံတကာသတင်း စာ ၁၄